http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီး

၏

## ဥပနိသယအတိုင်း

# ဝိပဿနာ

တရားအားမထုတ်မီ
သိသင့်သိအပ်သော

အခြေခံများ

# ဉာတပရိညာ

မောင်ဝိအေး

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏မူအရ

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း,လည်ပုံ,ဖြတ်ပုံ,ဒေသနာ



မူလနှစ်ဖြာ,သစ္စာနှစ်ခု,လေးခုအလှာ,အင်္ဂါတဆယ့်နှစ်ပါး,တရားကိုယ်များနှင့်,
သုံးပါးအစပ်,နှစ်ရပ်မူလ,ဝဋ်သုံးဝနှင့်,ကာလသုံးဖြာ,ခြင်းရာနှစ်ဆယ်,ဤရှစ်သွယ်ကို
အလွယ်ကျက်မှတ်,သိစေအပ်သည်,သံသရာမှ,လွတ်ကြောင်းတည်း။

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီး

ဧ၏

ဥပနိဿယအတိုင်း

# ဝိပဿနာ

တရားအားမထုတ်မီ
သိသင့်သိအပ်သော

အခြေခံများ

# ဉာတပရိညာ

မောင်မောင်



လက်ဆောင်ပုဒ်

**ဦးဏုတ်**
**ဝိပဿနာ** ပြန့်ပွားရေး
အောင်တော်မူ ~ မန္တလေး

မူလနှစ်ဖြာ, သစ္စာနှစ်ခု, လေးခုအလွှာ, အင်္ဂါတဆယ့်နှစ်ပါး, တရားကိုယ်များနှင့် သုံးပါးအစပ်, နှစ်ရပ်မူလ, ဝဋ်သုံးဝနှင့်, ကာလသုံးဖြာ, ခြင်းရာနှစ်ဆယ်, ဤရှစ်သွယ်ကို, အလွယ်ကျက်မှတ်, သိစေအပ်သည်, သံသရာမှလွတ်ကြောင်းတည်း။

အမှတ်(၁၃၁)မြစ်နွောလမ်း။ ☎ ၆၆၂၀၉

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ မူအရ

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း,လည်ပုံ,ဖြစ်ပုံ,ဒေသနာ



http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

http://www.dhammadownload.com

ဦးစက္ကိန္ဒ

(၁)

အငြိမ်းစား ရဲဗိုလ် ဦးသန်းမောင်

စီစဉ် ရေးသားအပ်သော

# ဉာတပရိညာ

(ခေါ်)

ရှေးဦး

# ဝိပဿနာ အခြေခံ တရားတော်

http://www.dhammadownload.com

# မိုးကုတ်ဝိပဿနာပြန့်ပွားရေး

ဦးခင်စိုး
အမှတ်(၁၇၁)၊ ၆၂×၆၃ကြား၊ ၂၇×၂၈ကြား၊ မြစန္ဒာလမ်း
အောင်တော်မူရပ်၊ မန္တလေးမြို့၊ ဖုန်း ၀၂-၆၆၂၀၉

မှ

## ပြန့်ချိသော စာအုပ်များ

၁။ ဝိသာခ နှင့် ဓမ္မဒိန္နာ အမေးအဖြေ

၂။ ဉာတပရိညာ (ပဌမ) တွဲ

၃။ ဉာတပရိညာ (ဒုတိယ) တွဲ

၄။ ဒိဋ္ဌိသုံးမျိုးဖြုတ်နည်း

၅။ မေတ္တာသုတ်အဖွင့်

၆။ ပဋ္ဌာန်းအဖွင့်

၇။ ဇော (၇) ကြိမ် နှင့် အာစိဏ္ဏကံ အာသန္နကံ

၈။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း စာရွက်

၉။ ပုံတော် နှင့် ရင်ထိုးများ

၁၀။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း ပိတ်ကားနှင့် VINYL (ဆိုဒ်စုံများကို လက်လီ လက်ကား ရရှိနိုင်ပါသည်။)

## လက်လီရနိုင်သော ဌာနများ

မန္တလေးမြို့စာအုပ်ဆိုင်များ

ရန်ကုန်မြို့တွင်းနှင့် ရွှေတိဂုံဘုရားစာအုပ်ဆိုင်များတွင် ရနိုင်ပါသည်။

http://www.dhammadownload.com

ထုတ်ဝေသူ

ဦးမင်းငွေ (ခ) ဦးရဲညွန့်

ရွှေအိုးစာပေတိုက် (၀၁၅၄၀)

တိုက် - ၃၇၊ အခန်း-၂၊ ဘော်စင်လမ်း၊ သုဝဏ္ဏ

သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးမြင့်ဦး

မြသဇင်ပုံနှိပ်တိုက် (၀၃၃၈၄)

အမှတ် (၁၉၉)၊ ၅၀ လမ်း၊

ပုဇွန်တောင်၊ ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ် ၈၇၆/၉၂ (၁၀)

အဖုံးခွင့်ပြုချက်အမှတ် ၂၀၂/၉၂ (၁၀)

အဖုံးရိုက်

မြသဇင် ရောင်စုံပုံနှိပ်တိုက်

ပဌမအကြိမ်

၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ

စောင်ရေ (၃၀၀၀)

http://www.dhammadownload.com


# မိုးကုတ် ဥပနိဿယ

နှင့်အညီ

## ပဋ္ဌာန်းပစ္စယနိဒ္ဒေသ

အဖွင့်

**ထွက်ပြီ**

ပြုစုသူ ဦးခင်စိုး

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအဝိုင်း

ဇော (၇) ကြိမ် နှင့် အာစိဏ္ဏကံ အာသန္နကံ

ဆောင်ရန် ရှောင်ရန် တရားတော်

**ထွက်ပြီ**

စီစဉ်ထုတ်ဝေသူ ဦးခင်စိုး

ခြောက်ဒွါရအကြောင်းပြု၍ မနောမှာပေါ်သော

**ဒိဋ္ဌိ သုံးမျိုးဖြတ်နည်း**

နှင့်

**ဝိပဿနာရှုပွားနည်း**

ထွက်နေပါပြီ

ပြုစုသူ ဦးခင်စိုး

နိဗ္ဗာန်ရောက်ကြောင်းအတွက်

လိုအပ်သောအကျင့်မြတ်များကို

မြတ်စွာဘုရားသည် မေတ္တာသုတ်တွင်

ဟောကြားထားသော

**မေတ္တာသုတ်အဖွင့်** စာအုပ်

ထွက်နေပါပြီ

ပြုစုသူ ဦးခင်စိုး

ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းများကို

ပိတ်စ (သို့) VINYL ပလပ်စတစ်များဖြင့်

ဆိုဒ်စုံရရှိနိုင်ပါသည်။

http://www.dhammadownload.com

# မာတိကာ



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မသံဝေဂနှင့် သြဝါဒကထာများ ... ... ... | ၉ |
| ၂ | ထုတ်ဝေသူ၏အမှာစကား ... ... ... | ၁၂ |
| ၃ | ယုံကြည်ချက်ရှိမှ ခံယူချက်ရှိမည် ... ... ... | ၁၄ |
| ၄ | တိုက်တွန်းချက် ... ... ... | ၁၄ |
| ၅ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ နိဿယ ... ... | ၁၄ |
| ၆ | တရားစဉ်ဆိုသည်မှာ ... ... ... | ၁၅ |
| ၇ | ပဋိစ္စသမုပ္ပါဒ် လက်ာကျက်နည်း ... ... ... | ၁၅ |
| ၈ | ရှင်းလင်းချက် ... ... ... | ၁၅ |
| ၉ | ခန္ဓာငါးပါး ... ... ... | ၁၇ |
| ၁၀ | အာယတန ၁၂–ပါး ... ... ... | ၁၇ |
| ၁၁ | ဓာတ် ၁၈–ပါး ဆိုသည်မှာ ... ... ... | ၁၇ |
| ၁၂ | သစ္စာ ၄–ပါး ဆိုသည်မှာ ... ... ... | ၁၈ |
| ၁၃ | အကြောင်းအကျိုး နည်းအရဆိုလျှင် ... ... ... | ၁၈ |
| ၁၄ | ပဋိစ္စသမုပ္ပါဒ် ဆိုတာ ... ... ... | ၁၈ |
| ၁၅ | အင်္ဂါ ၁၂–ပါး အဓိပ္ပါယ် ... ... ... | ၁၈ |
| ၁၆ | ဒိဋ္ဌိ ၆၂–မျိုးအနက် သောတာပတ္တိမဂ်အတွက် အရေးကြီးသော ဒိဋ္ဌိများ ... ... ... | ၂၀ |
| ၁၇ | အောက်ပါ ပါဠိ အတိုကလေးများကိုလည်း ရအောင် နှုတ်တိုက် ဆောင်ထားပါ ... ... ... | ၂၀ |
| ၁၈ | ခန္ဓာငါးပါး သက္ကာယတရားနှင့် ပရမတ္ထတရား ၄–ပါး ပုံစံပြ | ၂၂ |

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉ | အာရုံ ဒွါရတိုက်၍ ပေါ်သော ခန္ဓာငါးပါး ရှင်းပြပုံ ... | ၂၃ |
| ၂၀ | စိတ္တာနုပဿနာ ရှုပွားပုံ ရှုပွားနည်း ပုံစံပြ ... ... | ၂၄ |
| ၂၁ | မဂ္ဂင် ၅-ပါးနှင့် မဂ္ဂင် ၈-ပါး ပုံစံပြ ... ... | ၂၅ |
| ၂၂ | သာသနာပတရားနှင့် သာသနာတွင်း တရားများ ... ... | ၂၆ |
| ၂၃ | ဝေဒနာနုပဿနာ ရှုပွားပုံ ရှုပွားနည်း ပုံစံပြ ... ... | ၂၇ |
| ၂၄ | ဝေဒနာနုပဿနာ ပေါ်ရာဌာနများ ... ... ... | ၂၈ |
| ၂၅ | ကိလေသာ ၁၀-ပါး ... ... ... | ၂၉ |
| ၂၆ | မီး ၁၁-မီး ... ... ... | ၂၉ |
| ၂၇ | ဝိပ္ပလ္လာသတရား ၁၂-ပါး ပုံစံပြ ... ... ... | ၃၀ |
| ၂၈ | သံယောဇဉ် ၁၀-ပါးကို မဂ် ၄-ပါး ဖြင့်ပယ်ပုံ ... ... | ၃၁ |
| ၂၉ | ကိလေသာ ၁၀-ပါးကို ပယ်ပုံ ... ... ... | ၃၁ |
| ၃၀ | နီဝရဏ တရားများကို ပယ်ပုံ ... ... ... | ၃၁ |
| ၃၁ | ၃၁-ဘုံ ပုံစံပြ ... ... ... | ၃၂ |
| ၃၂ | ယောဂီများအတွက် အရေးကြီးသော တရား အမေး အဖြေများ | ၃၃ |
| ၃၃ | မျက်စိနှင့် အဆင်းတိုက်၍ ခန္ဓာငါးပါး အရှုခံတရားနှင့် မဂ္ဂင်ငါးပါး ရှုဉာဏ်တရား ပုံစံပြ ... ... ... | ၃၆ |
| ၃၄ | အမေး, အဖြေ တရားတော်များ ... ... ... | ၃၆ |
| ၃၅ | မပယ်အပ်သော သမုတိသစ္စာ ၈-ချက် ... ... | ၄၄ |
| ၃၆ | ဒါန ၂-မျိုး ... ... ... | ၄၄ |
| ၃၇ | အာယတန ၁၂-ပါးနှင့် ဓာတ် ၁၈-ပါးပုံစံပြ ... ... | ၄၅ |
| ၃၈ | လောဘ, ဒေါသ, မောဟ ပုံစံပြ ... ... ... | ၄၆ |
| ၃၉ | နားနှင့် အသံတိုက်၍ ခန္ဓာငါးပါး ပေါ်ပုံ ပုံစံပြ ... ... | ၄၇ |
| ၄၀ | မဂ္ဂင်ငါးပါး ရှုဉာဏ်တရားနှင့် မိစ္ဆာဒိဋ္ဌိပုံ ပုံစံပြ ... ... | ၄၈ |
| ၄၁ | သဿတဒိဋ္ဌိ ရှိသူ၏ သဘောသွားများ ... ... | ၅၀ |
| ၄၂ | ဥစ္ဆေဒဒိဋ္ဌိ ရှိသူ၏ သဘောသွားများ ... ... ... | ၅၀ |
| ၄၃ | နိယတ မိစ္ဆာဒိဋ္ဌိ သုံးမျိုး ... ... ... | ၅၁ |
| ၄၄ | ခန္ဓာငါးပါး သတိပဋ္ဌာန်းလေးပါးနှင့် ဝေဖန်ပုံ ပုံစံပြ ... | ၅၃ |

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၅ | ပရိညာ သုံးပါး ပုံစံပြ ... ... ... | ၅၄ |
| ၄၆ | မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဩဝါဒများ ... ... | ၅၅ |
| ၄၇ | ဆရာတော်ဘုရားကြီး မိုးကုတ်မြို့တွင် ဝါတွင်းသုံးလ တရားဟော အပြီး ဟောပြောအားပေးလေ့ ရှိသော လင်္ကာဆောင်ပုဒ် ... | ၅၆ |
| ၄၈ | အဝိဇ္ဇာ အဖုံး ငါးချက် ... ... ... | ၅၆ |
| ၄၉ | ဒုစရိုက်တရားများ ... ... ... | ၅၇ |
| ၅၀ | မဂ်တု ၁၀–ပါး ... ... ... | ၅၈ |
| ၅၁ | အန္တရာယ် ၁၀–ပါး လင်္ကာ ... ... ... | ၅၈ |
| ၅၂ | အကဲဖြတ်လင်္ကာ ... ... ... | ၅၈ |
| ၅၃ | ဉာဏ်စဉ် ၁၀–ပါး ... ... ... | ၅၉ |
| ၅၄ | ဉာဏ်စဉ် ၁၀–ပါးကို အတိုချုံး၍ ဉာဏ် ၃–ပါး, ဉာဏ် ၂–ပါး နှင့် ရှင်းပြပုံ ... ... ... | ၆၀ |
| ၅၅ | အဘိညာဉ် ၆–ပါး ... ... ... | ၆၂ |
| ၅၆ | ပုဂ္ဂိုလ် ၄–မျိုး ... ... ... | ၆၃ |
| ၅၇ | တရားနှင့်ပျော်ရန် အင်္ဂါ ၅–တန် ... ... ... | ၆၃ |
| ၅၈ | သောတာပန်နှင့် ပုထုဇဉ် ကွာခြားပုံ ... ... ... | ၆၄ |
| ၅၉ | သောတာပန် ပဋိစ္စသမုပ္ပါဒ် ၁၀–မျိုးပြတ်ပုံ ... ... | ၆၆ |
| ၆၀ | ဘဝဆိုတာ ပန်းပမာ ... ... ... | ၆၆ |
| ၆၁ | သံသရာ ရှည်လျားပုံ ... ... ... | ၆၆ |
| ၆၂ | သုတ္တန်, ဝိနည်း, အဘိဓမ္မာ တရားတော်များ ... ... | ၆၇ |
| ၆၃ | ဥမ္မတ္တက သုတ္တန် ... ... ... | ၆၇ |
| ၆၄ | မှတ်သားဖွယ်ရာ သံဝေဂတရားများ ... ... ... | ၆၇ |
| ၆၅ | ဘုရားထားခဲ့တဲ့ အမွေ ၂–မျိုး ... ... ... | ၆၈ |
| ၆၆ | အတိတ်ကံဆိုတာ သမ္မပ္ပဓာန် ၄–မျိုး ... ... | ၆၉ |
| ၆၇ | ဣန္ဒြေ ညှိပေးနည်း ... ... ... | ၆၉ |
| ၆၈ | မြတ်စွာဘုရား ဥဒါန်းကျူးရင့် တော်မူခြင်း ... ... | ၇၀ |
| ၆၉ | တရားကက်ဆက်ခွေ ဖြန့်ဖြူးရခြင်း အကြောင်း ... ... | ၇၁ |
| ၇၀ | တရားတော် ကက်ဆက်ခွေ အမည်များ ... ... | ၇၂ |

http://www.dhammadownload.com

# ဉာဏပရိညာ စာအုပ်

*လက်လီ/လက္ကားရနိုင်သောဌာန*

ဦးစင်စိုး
မိုးကုတ်ဝိပဿနာပြန့်ပွားရေး
အမှတ်(၁၇၁)၊ မြစ်နွာလမ်း
၆၂×၆၃ကြား၊ ၂၇×၂၈ကြား
အောင်တော်မူရပ်၊ မန္တလေးမြို့ ။
ဖုန်း ၀၂-၆၆၂၀၉

လက်ကားဈေးနှုန်း (၅၀)အုပ် အထက်
(         )ကျပ် နှုန်း

*လက်လီရနိုင်သောဌာနများ*

မန္တလေးမြို့စာအုပ်ဆိုင်များ
နှင့်
ရန်ကုန်မြို့ပေါ်နှင့်ရွှေတိဂုံဘုရား
ဈေးဆိုင်များတွင် ရနိုင်ပါသည်။

လက်လီဈေးနှုန်း တစ်အုပ်
(         )ကျပ် နှုန်း

---

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားအပ်သော
ဝိသာခ နှင့် ဓမ္မဒိန္နာ အမေးအဖြေများ စာအုပ်

---

မိုးကုတ်တရားကိုအခြေခံမှစ၍လေ့လာလိုက်စားသော ဓမ္မမိတ်ဆွေများနှင့်
အဆင့်မြင့်မြင့် သိရှိပြီးဖြစ်သော ဓမ္မမိတ်ဆွေများနှင့်သင့်လျော်သော စာအုပ်ဖြစ်ပါသည်။

*ယင်းစာအုပ်ကို အထက်ဖော်ပြပါ ဆိုင်များတွင် ရနိုင်ပါသည်။*

http://www.dhammadownload.com

# ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး
# ၏
# ဓမ္မသံဝေဂနှင့် ဩဝါဒ ကထာများ

၁။ ဖြစ်ပျက်သမျှ၊ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်။ ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။ ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။ ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

၂။ ယုံကြည်ကျန်းမာ၊ စိတ်ဖြောင့်စွာဖြင့်၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း။

၃။ မစွန့်ကာမ၊ ဆရာမရှိ၊ ဝီရိယလျော့၊ အားအင်ပျော့ကာ၊ လွန်စွာယူမှား၊ ဤငါးပါး၊ တရားမဂ်ဖိုလ် ဝေးလေသတည်း။

၄။ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့်ကေန်သာ။

၅။ ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်။

၆။ သစ္စာလေးပါးဆိုတာ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ။

၇။ ရခဲတဲ့ ဘဝကလေးမှာ အလကားအချိန်တွေ မဖြုန်းလိုက်ပါနဲ့။

၈။ နားက တရားနာပါ၊ ဉာဏ်က ခန္ဓာလှည့်ပါ။

၉။ တရားနာတာသည် မိမိအရေး၊ တရားအားထုတ်တာသည် မိမိအရေး။

၁၀။ နားကြီးကြီးနဲ့ တရားနာပါ။

၁၁။ ဝိပဿနာ အားမထုတ်ဘဲနဲ့ နေ့ရွှေ့ ရက်ရွှေ့ ရွှေ့နေတာသည် ဉာဏ်က မဦးဘဲနဲ့ အသေ ဦးသွားရင် ကိုယ့်အတွက် နာ,မည်။

၁၂။ ဝိပဿနာ အားထုတ်တဲ့အခါမှာ ကိလေသာ ကြားမခိုစေနဲ့။

F . 2

http://www.dhammadownload.com

၁၃။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာထဲမှာ ရှိတာမဟုတ်ဘူး၊ မိမိခန္ဓာထဲမှာ ရှိတဲ့တရား။
၁၄။ မိမိခန္ဓာထဲမှာရှိတဲ့ ပဋိစ္စသမုပ္ပါဒ်ကို မိမိဉာဏ်နဲ့ ရှင်းအောင်လုပ်ပါ။
၁၅။ စာ, ပဋိစ္စသမုပ္ပါဒ် သိတာသည် သညာသိ။ ခန္ဓာ ပဋိစ္စ သမုပ္ပါဒ် သိတာကမှ ပညာသိ။
၁၆။ သညာသိနှင့် နိဗ္ဗာန်မရောက်နိုင်ပါ။ ပညာသိနဲ့မှ နိဗ္ဗာန်ရောက်နိုင်မည်။
၁၇။ ရှေ့နောက် ခွဲတတ်ပါစေ။ မိမိအရေးက ရှေ့ထား၊ သားရေး၊ သမီးရေး၊ စီးပွားရေးက နောက်ထား။
၁၈။ ဘဝကူးကောင်းအောင် မလုပ်ပါနှင့်၊ ဘဝချုပ်ငြိမ်း ရုပ်သိမ်းအောင်လုပ်ပါ။
၁၉။ ဒါနက သံသရာရှည်တာလား၊ ဒါနနောက်က အသိမလိုက်လို့ သံသရာရှည်တာလား။
၂၀။ ဒါနနောက်က အသိမလိုက်လို့ သံသရာရှည်တာပါ။
၂၁။ သစ္စာသိလျှင် ခန္ဓာရောင်းလှူပါ၊ သစ္စာမသိလျှင် သစ္စာသိအောင် အရင်လုပ်ပါဦး။
၂၂။ အိုရာက နာရာ မရောက်ခင် ဝိပဿနာလုပ်ပါ။
၂၃။ အရှိနှင့် အသိ ကိုက်အောင်လုပ်တာ ဝိပဿနာ။
၂၄။ ရှေ့စိတ်ကို နောက်စိတ်နဲ့ ရှုတာ ဝိပဿနာ။
၂၅။ ရှေ့နာမ်ကို နောက်ဉာဏ်နှင့်ရှုတာ ဝိပဿနာ။
၂၆။ ရှေ့အသေကို နောက်အနေနှင့်ရှုတာ ဝိပဿနာ။
၂၇။ အသေက ဖြစ်ပျက်၊ အရှင်ကမဂ်၊ အပျက်နဲ့မဂ်နဲ့ ကိုက်အောင်ရှုတာ ဝိပဿနာ။
၂၈။ ရှေ့ကဖြစ်ပျက်၊ နောက်ကမဂ်နဲ့ ကိုက်အောင်ရှုတာ ဝိပဿနာ။
၂၉။ အသေကို အရှင်က ကြည့်နေတာ ဝိပဿနာဖြစ်မည်။
၃၀။ သူများစိတ် အကဲမခတ်နှင့်၊ မှားသော်ရှိ မှန်သော်ရှိ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာမှ အမှန်ရမည်။
၃၁။ အလုပ်ကြည့်ချင်ရင် ခန္ဓာကြည့်၊ အလုပ်စဉ်ကြည့်ချင်ရင် မှတ်တမ်းကြည့်။
၃၂။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်မသိတာ အရုပ်အဆိုးဆုံး။
၃၃။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်အကဲခတ်နိုင်မှ ဝိပဿနာ။
၃၄။ ခန္ဓာကိုယ်ဟာ မွေးကတည်းက အသေဘက်သို့ ပြေးနေတယ်။
၃၅။ ဘယ်ဗေဒင်မှ မယုံကြနဲ့၊ ခန္ဓာက သူ့လမ်း သူပြေးနေတော့ မနေ့ကထက် ယနေ့ သေဖို့ တစ်ရက်နီးသွားပြီ ဆိုတာသာ ယုံလိုက်ပါ။
၃၆။ ခန္ဓာ၏ ဝတ္တရားက အသေရှာတာ၊ ဉာဏ်၏ ဝတ္တရားက အသေရှောင်တာ။

၃၇။ ခန္ဓာက အပြေးသွားနေတော့ အသေကဦး၍ ဉာဏ်က နောက်ကျသွားလိမ့်မယ်။
၃၈။ အပြေးမရပ်တဲ့ ခန္ဓာကိုယ် သုသာန်မရောက်ခင် မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ။
၃၉။ သက်တမ်း ခပ်တိုတိုလေးမှာ ခပ်ခိုခို လုပ်နေမယ်ဆိုရင် အသေစောသွားရင် ကိုယ်ကျိုးနဲလိမ့်မယ်။
၄၀။ သာသနာနဲ့ကြုံမှ သစ္စာလေးပါး ထွက်မြောက်ရေး တရားပေါ်တယ်။
၄၁။ ကိစ္စဟူသရွေ့ မဂ်တား ဖိုလ်တားလို့ မှတ်ပါ။
၄၂။ ဒကာ ဒကာမတွေဟာ တဏှာ (လောဘ) ခိုင်းရာကို ကျွန်သားပေါက်ပီပီ လုပ်နေကြတာပဲ။
၄၃။ တဏှာကို အဖော်မလုပ်နဲ့၊ ဉာဏ်ကို အဖော်လုပ်ပါ။
၄၄။ အလကား နေသရွေ့ အမှားနေခြင်းသာလို့ မှတ်ပါ။
၄၅။ ယခု သားနဲ့၊ သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ ပစ္စည်း ဥစ္စာတွေနဲ့ မသိပြုံး ပြုံးနေသလောက်၊ မသိပျော်ပျော်နေသလောက်၊ နောင် သေခါနီး အိပ်ရာ ညောင်စောင်းမှာ မျက်ရည်ကျရပါလိမ့်မယ်။
၄၆။ ကိုယ့်ကိုယ်ကို သနားရင် ဝိပဿနာလုပ်ကြ၊ ကိုယ့်ကိုယ်ကို မသနားရင် သားရေး၊ သမီးရေး၊ စီးပွားရေး လုပ်ကြ။
၄၇။ အသက်ကြီးလေလေ၊ ကံမွဲဉာဏ်မွဲလေလေမှတ်၊ ကံမွဲတာ အရေးမကြီး၊ ဉာဏ်မွဲရင် နိဗ္ဗာန်မရောက်။
၄၈။ ကံကို ဉာဏ်ကဖြတ်မှ နိဗ္ဗာန်ရမှာ၊ ဉာဏ်မပါရင် ကံက ခြယ်လှယ်သွားလိမ့်မယ်။
၄၉။ နိဗ္ဗာန်သည် ကံ၏ အကျိုးမဟုတ်၊ ဉာဏ်၏ အကျိုးဖြစ်တယ်။
၅၀။ လူပြော သူပြောတွေကို မယုံနဲ့၊ မိမိခန္ဓာက ပြောတာကိုသာ အယုံကြီး ယုံလိုက်ပါ။
၅၁။ ခန္ဓာကြီးရဲ့ စွမ်းရည် သတ္တိ ပင်ကိုယ်သဘောက ဖြစ်မှု ပျက်မှုပဲရှိတယ်။
၅၂။ ဝိပဿနာ ဆိုတာ ခန္ဓာမလိုချင်အောင် ရှုတာ။
၅၃။ ဒါန သီလသည် ကိလေသာရောဂါ သက်သာရုံရမယ်၊ ဝိပဿနာ အလုပ်လုပ်မှသာ ရောဂါ ပျောက်မယ်။
၅၄။ အလုပ်တရားဆိုတာ ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်အောင် လုပ်တာ။
၅၅။ ခန္ဓာနဲ့ ငါနဲ့ မရောပါနဲ့။
၅၆။ တရားနာတယ်ဆိုတာ ဒီအချိန်မှာ မတရား အလုပ် မလုပ်တဲ့ အချိန်ဘဲ။
၅၇။ ကြားတဲ့ တရားနဲ့ သိတဲ့တရား နှစ်ခုထပ်ရင် သောတာပန် တည်နိုင်တယ်။

http://www.dhammadownload.com

ထုတ်ဝေသူ၏ အမှာစကား .....

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း တရားကွက်များမှ မူမပျက် ရှေးဦးပထမ တရားအားမထုတ်မီ သိသင့်သိထိုက်သော ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် တရားများကို အသိရှင်းလင်းအောင် ဆရာတော် ဦးစက္ကိန္ဒ စီရင်ရေးသားအပ်သော 'ဉာတပရိညာ' အခြေခံ စာအုပ် ဖြစ်ပါသည်။ ဆရာတော် ဦးစက္ကိန္ဒသည်ကား ..... ( လူနာမည် ဦးသန်းမောင် ဘဝနှင့် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အမြဲတမ်း ဓမ္မာရုံ၌ ကမ္မဋ္ဌာနာ စရိယအဖြစ်နှင့် တာဝန်ယူ ဆောင်ရွက်သော ) ယခု မန္တလေးမြို့ မြို့ဟောင်း မိုးကုတ်ရိပ်သာ ဆရာတော်ဦးဓမ္မိဿရ အရှင်သူမြတ်၏ တပည့်ဖြစ်ပါသည်။

ဆရာတော် ဦးစက္ကိန္ဒသည်၊ မန္တလေးမြို့ မြို့ဟောင်း မိုးကုတ်ရိပ်သာတွင် သီတင်းသုံးနေစဉ် ကျွန်တော့်အား 'ဉာတပရိညာ' သင်ကြားပြသဖူးသော ဆရာ ဖြစ်ပါသည်။ ဆရာတော် ဦးစက္ကိန္ဒသည် သူ ပျံလွန်တော်မမူမီ ၁၉၇၉ – ခုနှစ် ဩဂုတ်လထဲတွင် ဆရာတော်အား ဖူးမြော်ကန်တော့သောအခါ ကျွန်တော့်အား သူ ရေးသားသောစာမူကို စာအုပ်ဖြစ်မြောက်အောင် ဆက်လက်ဆောင်ရွက်ပါဟု အမိန့်ရှိခဲ့ပါသည်။ မိုးကုတ်တရားကို ပထမ လိုက်စားသူအနေနှင့် အသိရှင်းအောင် ရေးသားညွှန်ကြားထားသောကြောင့် ကျွန်တော့်အနေနှင့် လောဘမဖက် စေတနာသန့်သန့်နှင့် ဆက်လက် တာဝန်ယူ၍ အောင်တော်မူ မိုးကုတ်ဝိပဿနာ ပြန့်ပွားရေး၊ အမှတ်–၁၇၁ မြစ်နန္ဒာလမ်း၊ မန္တလေးက စေတနာမွန်ဖြင့် ဖြန့်ဝေပါသည်။

---

(ကမ္မဘဝ) နှင့် $\frac{\text{ဇာတိ}}{\text{ဥပပတ္တိဘဝ}}$ အကျယ် - ဝိပ္ပလ္လာသ (၁၂)ပါး အကျယ် တို့ကို

ပုံ နှင့် ဇယားကွက်ပေါင်းများစွာပါဝင်သရုပ်ဖော်ရှင်းပြထားပါသည်။

**ဉာတပရိညာ ( ဒုတိယတွဲ ) ထွက်ပြီ**

---

http://www.dhammadownload.com

**အထူးမှာ –**

ကျွန်တော့်အား ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် တရားများကို ဟောကြားသွန်သင် ဆုံးမတော်မူသော ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတ မိုးကုတ် ဆရာတော် ဘုရားကြီးအား လည်းကောင်း၊ ကျွန်တော်၏ ဆရာအရှင် ဖြစ်တော်မူသော မန္တလေးမြို့ မြို့ဟောင်း မိုးကုတ်ရိပ်သာ ဓမ္မကထိက တိုက်အုပ် ဆရာတော် ဦးသုမန အရှင်သူမြတ်နှင့် ရန်ကုန်မြို့ မိုးကုတ်ရိပ်သာအဖွဲ့ချုပ် ဓမ္မကထိက ဆရာတော် ဦးဓမ္မသာရ အရှင်သူမြတ်အား လည်းကောင်း၊ ဤ ' ဉာတပရိညာ ' စာအုပ် ဖြစ်မြောက်ရေးဖြင့် ပူဇော်ကန်တော့လိုက်ပါသည်။

ဆရာတော် ဦးစက္ကိန္ဒ စီရင်ရေးသားအပ်သော မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဥပနိဿယနှင့်အညီ၊ ' ဉာတပရိညာ ' ခေါ် ရှေးဦး ဝိပဿနာ အခြေခံ တရားတော်သည် မိုးကုတ်ဆရာတော်ဘုရားကြီး ဆုံးမ ညွှန်ကြားသော ပဋိပတ် ကျင့်စဉ်တရားကို ယောဂီများအတွက် လွယ်ကူစွာ သိနိုင်စေရန် ရေးသားထားခြင်း ဖြစ်ပါသည်။ ဤသို့ ရေးသားထားသည့် စာမူကို စာပေ ပရိယတ် ဒေသနာတော်နှင့် ညီညွတ်စေလိုခြင်းအလို့ငှာ၊ တည်းဖြတ်ကူညီပေးသော ဦးမြင့်ဆွေ ဓမ္မာစရိယ ဝိဇ္ဇာ (ဂုဏ်ထူး) မဟာဝိဇ္ဇာ (လန်ဒန်) လက်ထောက် ကထိက၊ ပါဠိဌာန မန္တလေး တက္ကသိုလ် အား ကျွန်တော့အနေနှင့် ကျေးဇူး ဥပကာရ အထူး တင်ရှိပါကြောင်း မှတ်တမ်းတင်ပါသည်။

**မောင်ခင်စိုး**
**မိုးကုတ်ဝိပဿနာ ပြန့်ပွားရေး**
**အမှတ်(၁၇၁)၊ မြစန္ဒာလမ်း**
**၆၂× ၆၃ကြား၊ ၂၇× ၂၈ကြား**
**အောင်တော်မူရပ် ၊ မန္တလေးမြို့ ။**
**ဖုန်း – ၆၆၂၀၉**

http://www.dhammadownload.com

# ယုံကြည်ချက်ရှိမှ ခံယူချက်ရှိမည်

ယောဂီ။ ။သင်သည် အောက်ဖော်ပြပါ အချက်များ၌ ယုံကြည်ချက်ရှိပါ၏လော။

၁။ ဘုရားအပေါ် ယုံကြည်ချက်ရှိပါ၏လော။
၂။ တရားအပေါ် ယုံကြည်ချက်ရှိပါ၏လော။
၃။ သံဃာအပေါ် ယုံကြည်ချက်ရှိပါ၏လော။
၄။ ဆရာသမားအပေါ် ယုံကြည်ချက်ရှိပါ၏လော။

အထက်ဖော်ပြပါ အချက်များ၌ ယုံကြည်ချက်ရှိမှသာလျှင် ခံယူချက် ပြင်းထန်၍ ဆရာသမား ဟောကြားပြသ သွန်သင် ဆုံးမသည့်အတိုင်း ကျင့်ကြံကြိုးကုတ်အားထုတ်ပါလျှင် ဆရာသမား အောင်မြင်သကဲ့သို့ အောင်မြင်ပါလိမ့်မည်။

## တိုက် တွန်း ချက်

မြတ်စွာဘုရား ဟောကြားလမ်းစဉ်
မဆုတ်မနစ် အားသစ်ခဲ့လျှင်
ယခုဘဝ မဂ်ဆိုက်ဖိုလ်ဝင်
နိဗ္ဗာန ရောက်လိမ့်ကေန်ပင်။

## ရှစ်လုံးဘွဲ့ ကဗျာ

နိဗ္ဗာန်ဝင်လမ်း မြင်စမ်းကြနော်
မမြင်ကန်းလို့ ပင်ပန်းရသော်
မြင်ချင်ပါက လာကြကံတော်
မျက်မြင်ဆေး ပေးတဲ့ မိုးကုတ်ဆရာတော်။

## မိုးကုတ် ဆရာတော်ဘုရားကြီး၏ နိဿယ ( တနည်း )

၁။ တရားစဉ်
၂။ လုပ်ငန်းစဉ်
၃။ လုပ်ငန်းခွင် တို့ဖြစ်ပါသည်။

http://www.dhammadownload.com

၁။ တရားစဥ်ဆိုသည်မှာ။ ။ ခန္ဓာငါးပါး၊ အာယတန တစ်ဆယ့်နှစ်ပါး၊ဓာတ် တစ်ဆယ့်ရှစ်ပါး၊ သစ္စာလေးပါး၊ ပဋိစ္စသမုပ္ပါဒ် တရားတို့ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ပဋိစ္စသမုပ္ပါဒ် အောင်လံတော်ကိုထူ၍ ပေါ်ထွန်းလာသဖြင့် ပဋိစ္စသမုပ္ပါဒ် လင်္ကာကျက်နည်း၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါတစ်ဆယ့်နှစ်ပါးတို့၏ အနက်အဓိပ္ပာယ်ကို ရှေးဦးစွာ ရှင်းပြပါမည်။

၂။ ပဋိစ္စသမုပ္ပါဒ် လင်္ကာကျက်နည်း

( ၂ ) ..... မူလနှစ်ဖြာ
( ၂ ) ..... သစ္စာနှစ်ခု
( ၄ ) ..... လေးခုအလွှာ
( ၁၂ ) ..... အင်္ဂါတစ်ဆယ့်နှစ်ပါး တရားကိုယ်များနှင့်
( ၃ ) ..... သုံးပါးအစပ် နှစ်ရပ်မူလ
( ၃ ) ..... ဝဋ်သုံးဝနှင့်
( ၃ ) ..... ကာလသုံးဖြာ
( ၂၀ ) ..... ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

ရှင်းလင်းချက်

၁။ မူလနှစ်ဖြာ ဆိုသည်မှာ ... အဝိဇ္ဇာနှင့် တဏှာ
၂။ သစ္စာနှစ်ခု ဆိုသည်မှာ ... သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ
၃။ လေးခုအလွှာ ဆိုသည်မှာ ... ၁။ အကွက် - အတိတ်အကြောင်းတစ်လွှာ
၂။ အကွက် - ပစ္စုပ္ပန်အကျိုးတစ်လွှာ
၃။ အကွက် - ပစ္စုပ္ပန်အကြောင်းတစ်လွှာ
၄။ အကွက် - အနာဂတ်အကျိုးတစ်လွှာ
၄။ အင်္ဂါတစ်ဆယ့်နှစ်ပါးဆိုသည်မှာ ... အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ မရဏတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

တရားကိုယ်များနှင့် ဆိုသည်မှာ ... အထက်ပါ တရားများ အဝိဇ္ဇာအစ ဇရာ, မရဏ အဆုံး ဖြစ်ပါသည်။

၅။ သုံးပါးအစပ်ဆိုသည်မှာ ....(၁)အကွက်နှင့် (၂)အကွက်ကြား သင်္ခါရနှင့် ဝိညာဏ်အစပ် (၂)အကွက် နှင့် (၃) အကွက်ကြား ဝေဒနာနှင့် တဏှာအစပ်(၃) အကွက် နှင့် (၄)အကွက်ကြား ကမ္မဘဝနှင့် ဇာတိအစပ်တို့ ဖြစ်ပါသည်။

အင်္ဂါဆိုသော စာလုံး စက်ဝိုင်းတွင် မပါသော်လည်း လက်ာမှာပါ၍ ရှင်းပြပါမည်။

နှစ်ရပ် မူလ ဆိုသည်မှာ ... တဏှာ နှင့် အဝိဇ္ဇာ။

၆။ ဝဋ်သုံးဝနှင့် ဆိုသည်မှာ ... (၁) ကိလေသဝဋ် ၃ – ပါး
(၂) ကမ္မဝဋ် ၂ – ပါး
(၃) ဝိပါကဝဋ် ၈ – ပါး ဖြစ်သည်။

ကိလေသဝဋ်သုံးပါး ဆိုသည်မှာ ... အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်။
ကမ္မဝဋ်နှစ်ပါး ဆိုသည်မှာ... သင်္ခါရ နှင့် ကမ္မဘဝ။
ဝိပါကဝဋ်ရှစ်ပါး ဆိုသည်မှာ ... ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ၊ မရဏ၊ ဥပပတ္တိဘဝတို့ ဖြစ်ပါသည်။

၇။ ကာလသုံးဖြာ ဆိုသည်မှာ ... လွန်လေပြီးသော အတိတ်ကာလ။
ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ။
နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ။

၈။ ခြင်းရာနှစ်ဆယ်ဆိုသည်မှာ ... နံပါတ် (၁) အကွက် အတိတ် အကြောင်း အခြင်းအရာ ငါးပါးသည် အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတို့ ဖြစ်သည်။
... နံပါတ် (၂) အကွက် ပစ္စုပ္ပန်အကျိုး အခြင်းအရာ ငါးပါးသည် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊
... နံပါတ် (၃) အကွက် ပစ္စုပ္ပန် အကြောင်း အခြင်းအရာ ငါးပါးသည် တဏှာ၊ ဥပါဒါန်ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ။

http://www.dhammadownload.com

... နံပါတ် (၄) အကွက် အနာဂတ်အကျိုး
အခြင်းအရာ ငါးပါးသည် ဝိညာဏ်၊
နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့
ဖြစ်၍ တကွက်လျှင် ငါးပါး၊ (၄) ကွက်
ဆိုတော့ ၅ × ၄ = ၂၀ ဖြစ်ပါသည်။

ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်။ သံသရာမှ လွတ်ကြောင်းတည်း။

ခန္ဓာငါးပါး

( ရုပ် ) ရူပက္ခန္ဓာ ဆိုသည်မှာ၊ ဖောက်ပြန်ပျက်စီးတတ်သော သဘော အစု ဖြစ်ပျက်မှု။

( နာမ် ) ဝေဒနာက္ခန္ဓာ ဆိုသည်မှာ၊ ကောင်း မကောင်းခံစားတတ်တဲ့ သဘော အစု ဖြစ်ပျက်မှု။

( နာမ် ) သညာက္ခန္ဓာ ဆိုသည်မှာ၊ ဖြူနီကြောင်ကျား မှတ်တတ်တဲ့ သဘောအစု ဖြစ်ပျက်မှု။

( နာမ် ) သင်္ခါရက္ခန္ဓာ ဆိုသည်မှာ၊ ပြုပြင် စေ့ဆော် တတ်တဲ့ သဘော အစုဖြစ်ပျက်မှု။

( နာမ် ) ဝိညာဏက္ခန္ဓာ ဆိုသည်မှာ၊ သိတတ်တဲ့သဘော အစု ဖြစ်ပျက်မှု။

အာယတန ၁၂–ပါး ဆိုသည်မှာ

အတွင်းအာယတန ၆–ပါး၊ အပြင်အာယတန ၆–ပါး တို့ ဖြစ်ပါသည်။

အတွင်းအာယတန ၆–ပါးဆိုသည်မှာ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် စိတ်တို့ ဖြစ်ပါသည်။

အပြင်အာယတန ၆–ပါးဆိုသည်မှာ၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊တွေ့ ထိစရာ၊ ကြံတွေးစရာတို့ ဖြစ်ပါသည်။

အတွင်း ၆–ပါးနှင့် အပြင် ၆–ပါးတို့ ပေါင်းသော် – အာယတန ၁၂–ပါး ဖြစ်ပါသည်။

ဓာတ် ၁၈–ပါး ဆိုသည်မှာ

၁။ အခံဓာတ် ၆–ပါး။
၂။ အတိုက်ဓာတ် ၆–ပါး။
၃။ အပွင့်ဓာတ် ၆–ပါး။

F . 3

http://www.dhammadownload.com

အထက်ပါ ဓာတ် ၃ – မျိုးကိုပေါင်းသော် (၆ × ၃ = ၁၈) ဓာတ် (၁၈) ပါး ဖြစ်ပါသည်။

က။ အခံဓာတ် ၆ – ပါးဆိုသည်မှာ ...မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။

ခ။ အတိုက်ဓာတ် ၆ – ပါးဆိုသည်မှာ ...အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာတို့ဖြစ်ပါသည်။

ဂ။ အပွင့်ဓာတ် ၆ – ပါးဆိုသည်မှာ ...မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ယားနာ ကောင်းစိတ်၊ တွေးတောစိတ်တို့ ဖြစ်ပါသည်။

အခံဓာတ် ၆၊ အတိုက်ဓာတ် ၆၊ အပွင့်ဓာတ် ၆ ပေါင်းသော် ၁၈ ဖြစ်ပါသည်။

သစ္စာလေးပါး ဆိုသည်မှာ

၁။ ဒုက္ခသစ္စာ ... ဒုက္ခဖြစ်ကျိုး အမှန်။
၂။ သမုဒယသစ္စာ ... ဒုက္ခဖြစ်ကြောင်း အမှန်။
၃။ နိရောဓသစ္စာ ... ဒုက္ခချုပ်ကျိုး အမှန်။
၄။ မဂ္ဂသစ္စာ ... ဒုက္ခ၊ သမုဒယ ချုပ်ရာ , ချုပ်ကြောင်း လမ်းကောင်း အကျင့်မှန်။

အကြောင်းအကျိုး နည်းအရဆိုလျှင်

(၁) သမုဒယသစ္စာ၊ (၂) ဒုက္ခသစ္စာ၊ (၃) မဂ္ဂသစ္စာ၊ (၄) နိရောဓသစ္စာ။

ပဋိစ္စသမုပ္ပါဒ်ဆိုတာ –

အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်းကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ပါသည်။ ရှေ့မှာ ပဋိစ္စသမုပ္ပါဒ် လက်ာကျက်နည်းနှင့် စက်ဝိုင်းကြီး လှည့်တတ်အောင် သင်ပြပြီးလေပြီ။

ယခုအခါ အင်္ဂါ ၁၂ – ပါး၏ အဓိပ္ပာယ်ကို ရှင်းပြ ပေးပါမည်။

၁။ အဝိဇ္ဇာ ... သစ္စာလေးပါး မသိတာ။
၂။ သင်္ခါရ ... ပြုပြင် စေ့ဆော်တာ။
သင်္ခါရ ၃–မျိုး ရှိပါသည်။

http://www.dhammadownload.com

ယင်းတို့မှာ ... (၁) ပုညာဘိ သင်္ခါရ၊
(၂) အပုညာဘိ သင်္ခါရ၊
(၃) အာနေဥ္စာဘိ သင်္ခါရတို့ ဖြစ်သည်။

ပုညာဘိသင်္ခါရ၊ ပုည = ကုသိုလ်၊အဘိ = လွန်ကဲစွာ၊
သင်္ခါရ = ပြုလုပ်ခြင်း။
( ကုသိုလ်ကောင်းမှုကို လွန်ကဲစွာ ပြုလုပ်ခြင်း )

အပုညာဘိသင်္ခါရ၊ အပုည =အကုသိုလ်၊ အဘိ =လွန်ကဲစွာ၊
သင်္ခါရ =ပြုလုပ်ခြင်း။
( မကောင်းမှု အကုသိုလ်ကို လွန်ကဲစွာ ပြုလုပ်ခြင်း )

အာနေဥ္စာဘိသင်္ခါရ အာနေဥ္စ = ဈာန်သမာဓိအလုပ်၊ အဘိ = လွန်ကဲစွာ၊
သင်္ခါရ = ပြုလုပ်ခြင်း။ (သမထဘာဝနာ ပွားများခြင်း)

၃။ ဝိညာဏ် ... ပဋိသန္ဓေစိတ်၊ ပဋိ = တဖန်၊ သန္ဓိ = စပ်၍ဖြစ်ခြင်း။
ပဋိသန္ဓေ = တဖန်စပ်၍ ဖြစ်ခြင်း။ ဤနေရာ၌ ပဝတ္တိ ဝိညာဏ်ကို မယူရပါ။ (ပဋိသန္ဓေဝိညာဏ်ကို ယူရပါမည်။)

၄။ နာမ်ရုပ် ... နာမ်နှင့်ရုပ် ဖြစ်ပါသည်။

၅။ သဠာယတန မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။

၆။ ဖဿ ... တွေ့ထိခြင်း။

၇။ ဝေဒနာ ... ကောင်း၊ မကောင်းခံစားခြင်း။

၈။ တဏှာ ... လိုချင်တပ်မက်ခြင်း။

၉။ ဥပါဒါန် ... စွဲလန်းခြင်း။

၁၀။ ကမ္မဘဝ ... (၁) ကိုယ်နှင့်ပြုလုပ်ခြင်း၊ ကာယကံ။
(၂) နှုတ်ဖြင့်ပြောဆိုခြင်း၊ ဝစီကံ။
(၃) စိတ်ဖြင့် ကြံစည်ခြင်း၊ မနောကံ။
(ကာယ – သင်္ခါရ၊ ဝစီ – သင်္ခါရ၊ စိတ္တ – သင်္ခါရ)

၁၁။ ဇာတိ ... ပဋိသန္ဓေ နေခြင်း။

၁၂။ ဇရာ – မရဏ အိုခြင်း၊ သေခြင်း။

http://www.dhammadownload.com

ယောဂီ။

ယောဂီတို့အား ရှေ့ပိုင်းတွင် တရားစဉ်ကို ပိုင်ပိုင်နိုင်နိုင် ပြပြီးဖြစ်၍ ယခု အရေးကြီးသော ဒုတိယအဆင့် လုပ်ငန်းစဉ်ကို တက်၍ပြမည်ဖြစ်သည့်အတွက် တစ်ဘက်တွင် ရေးသားမည်ဖြစ်သော စာများကို လေးလေးစားစား ကျက်မှတ်၍ ဆောင်ယူထားပါလေ။ အထူးမှာကြားလိုသည်မှာ ထိုရေးသားပြသမည့် သက်ဆိုင်ရာ စာများကို ကျေကျေလည်လည် နားမလည်ပါက ရမ်းအော်၊ ရမ်းထင်၊ ရမ်းမြင်မည် သာ ဖြစ်၍ အကျိုးမထူးနိုင်ပါ။ ယခုသင်ပြနေခြင်းသည် မိမိလည်း တတ်သိပြီး အခြားလူများကိုလည်း သိလို၍ မေးမြန်းပါက ဟောပြောတတ်အောင် သင်ပြနေခြင်း ဖြစ်၍ အထူးလေးစား ကြစေလိုပါသည်။

ဒိဋ္ဌိသည် ၆၂ – မျိုးရှိပါသည်။

ယင်းတို့အနက် ပထမ မဂ်ဖြစ်သော သောတာပတ္တိမဂ် အတွက် အရေး အကြီး ဆုံးဖြစ်သော ဒိဋ္ဌိများမှာ ...

၁။ သက္ကာယဒိဋ္ဌိ ခန္ဓာ ၅–ပါးကို ပုဂ္ဂိုလ်သတ္တဝါ၊ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမဟု ထင်မှတ်မှားသော အယူ။

၂။ သဿတဒိဋ္ဌိ ခန္ဓာ ၅–ပါးကို ခိုင်သည်၊ မြဲသည်ဟု ထင်မှတ်မှားသောအယူ။

၃။ ဉစ္ဆေဒဒိဋ္ဌိ ဘဝ (ဖြစ်တာ) ပြတ်တယ်ဟု ထင်မှတ်မှားသော အယူနှင့်

၄။ ဝိစိကိစ္ဆာ သံသယရှိခြင်းတို့ပင် ဖြစ်ပါသည်။

အောက်ပါ ပါဠိ အတိုကလေးများကိုလည်း ရအောင် နှုတ်တိုက် ဆောင်ထားပါ။

(၁) အာရုံ၊ ဒွါရ တိုက်ရင် စိတ်ပေါ်သည်ဟု စွဲမြဲစွာ မှတ်ယူထားကြပါ၊

(၂) စိတ်သည် တစ်ကြိမ်တည်းတွင် နှစ်ခုပြိုင်တူ မပေါ်ကောင်းဟု စွဲမြဲစွာ မှတ်ယူကြပါ။

(၃) အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။

အဓိပ္ပာယ်မှာ ... အတ္တနော ... မိမိ၏၊ သဘာဝံ ... သဘောကို ဓာရေတိ ... ဆောင်တတ်၏။ ဣတိတသ္မာ -- ထို့ကြောင့်၊ ဓာတု – ဓာတ် မည်၏။

http://www.dhammadownload.com

(၄) ဒွယံ ဘိက္ခဝေ ပဋိစ္စ ဝိညာဏံ။

ဒွယံ – အကြောင်းနှစ်ခုကို၊ ပဋိစ္စ – စွဲ၍၊ ဝိညာဏံ – စိတ်သည်၊ ဥပ္ပဇ္ဇတိ – ဖြစ်၏။

မှတ်ချက်။ ။ဒွယံကို ပိုင်ရင် ဝိစိကိစ္ဆာ စင်သည်။
ဝိညာဏ်ကို ပိုင်ရင် ဒိဋ္ဌိ စင်ပါသည်။

ယောဂီ

သင်တို့အား ရှေ့ပိုင်းတွင် တရားစဉ်နှင့် လုပ်ငန်းစဉ်ကို ပိုင်ပိုင်နိုင်နိုင် သင်ပြပြီးဖြစ်၍ တရားထိုင်ရန် လုပ်ငန်းခွင်ကို သင်ပြတော့မည် ဖြစ်သဖြင့် တစ်ဘက်ပုံကို ကြည့်ပြီး နည်းယူပါလေ။

၁။ မိမိကြိုက်နှစ်သက်သလို ထိုင်ပါ၊ နေပါ။

၂။ ဒီလိုထိုင်ပြီး နေပြီးသကာလ ငြိမ်ငြိမ်နေပါ၊ လှုပ်ခြင်း၊ ရှားခြင်း၊ ခေါင်းငုံ့ခြင်း၊ ကိုယ်ကိုဘေးသို့စောင်းခြင်း မဖြစ်ပါစေနှင့်။
အကယ်၍ ခေါင်းငုံ့နေတာကို သိလျှင် သတိကလေးပြန်ကပ်ပြီး နဂိုအတိုင်းဖြစ်အောင် ဖြည်းညှင်းစွာ ပြန်နေပါ၊ ပြန်လုပ်ပါ။

၃။ စိတ်ကိုငြိမ်အောင် –
(ဥပမာ) လေကလေး ရှူတာ ရှိုက်တာကို စောင့်ကြည့်ပါ။ လေကလေး ထုတ်တာကို စောင့်ကြည့်ပါ။ ဒီလိုအားထုတ်၍ မငြိမ်သေးလျှင် ငြိမ်အောင် ဒီလိုပဲ ဆက်၍အားထုတ်ပါ။ တစ်နေ့နှင့် မရလျှင် နောက်တစ်နေ့ ဆက်လေ့ကျင့်ပါ။ အမှန်မှာ စိတ်မလွင့်အောင် ' သမာဓိ ' တည်အောင်လုပ်တဲ့ နည်းပင် ဖြစ်ပါသည်။

၄။ စိတ်တည်ငြိမ်ပြီဆိုလျှင် ဆိုင်ရာဒွါရပေါ်မှာ ပေါ်လာသော တရားကို သတိ၊ သမာဓိ၊ ပညာနှင့် စောင့်ကြည့်ပါလေ။ စောင့်ကြည့်တော့ ပေါ်လာတဲ့ တရားသည် သူ့သဘောဟာဖြစ်ပြီး ပျက်တတ်တဲ့ သဘောပဲလို့ ပြောပြသွားကြောင်း ယောဂီ သေသေချာချာ သိလာပါလိမ့်မည်။

၅။ ဒီလိုစောင့်ကြည့်နေတာကို အကျင့်များများရအောင် ကြိုးစားပါလေ။ ယောဂီ တရားအလုပ် အားထုတ်ရတာ စိတ်မပျက်ပါနှင့်၊ အလုပ်များများ လုပ်လာတော့ ခန္ဓာရဲ့သဘောကို ကောင်းကောင်းကြီး သိလာပါလိမ့်မည်။

http://www.dhammadownload.com

## ၁ ခန္ဓာငါးပါး သက္ကာယ တရား




## ၂



http://www.dhammadownload.com

နံပါတ် (၁)တွင် ပြထားသော ခန္ဓာငါးပါး သင်္ခါယတရားကို ရှင်းပြလိုပါသေးသည်။ ကျေးဇူးရှင် မိုးကုတ် ဆရာတော် ဘုရားကြီးကလည်း ပထမဆုံး နံပါတ် (၁) ထား၍ဆုံးမသည်မှာ၊ ပစ္စုပ္ပန် အာရုံဒွါရ တိုက်၍ပေါ်လာသော ခန္ဓာငါးပါး (ဝါ) ရုပ်နာမ်တရားကို ကွဲကွဲပြားပြားသိထားရမည်။ လုံးရုပ်သဏ္ဌာန် ပုံဟန်နိမိတ်ရှိသော အလေးချိန်ပိဿာ ၃၀ – ၄၀ ရှိသောခန္ဓာကို မဆိုလိုပါ။ ယခုဖြစ်ဆဲ ပစ္စုပ္ပန် (၁)အဆင်း၊ (၂)အသံ၊ (၃)အနံ့၊ (၄)အရသာ၊ (၅)တွေ့ထိစရာ၊ (၆)ကြံတွေးစရာအာရုံနှင့် (၁)မျက်စိ၊ (၂)နား၊ (၃)နှာခေါင်း၊(၄) လျှာ၊ (၅)ကိုယ်၊ (၆)စိတ် တည်းဟူသော ဒွါရ ၆–ပါးနှင့် ပေါင်းဆုံမှ ပေါ်လာသော (၁)မြင်ခန္ဓာ ၅–ပါး။ (၂) ကြားခန္ဓာ ၅–ပါး။ (၃)နံခန္ဓာ ၅–ပါး။ (၄)စားခန္ဓာ ၅–ပါး။ (၅)ထိခန္ဓာ၅–ပါး။ (၆)တွေးခန္ဓာ ၅–ပါးတို့သည် ထင်ရှားရှိသော သင်္ခါယ တရားများ ဖြစ်သည်။ ၎င်း ခန္ဓာတို့သည် အာရုံနှင့် ဒွါရတိုက်မှပေါ်သော ခန္ဓာဖြစ်သောကြောင့် တပေါင်းတည်း၅–ပါးလုံးအတူတကွ ပေါ်လာပါသည်။ ပျက်တော့လည်း အတူတကွ တပေါင်းတည်း ပျက်ကြပါသည်။ ၎င်း ခန္ဓာငါးပါး မသိဘဲနှင့် ဖြစ်ပျက် မမြင်နိုင်ပါ။ နံပါတ် (၂) ပုံစံနှင့် ပြထားသော ပရမတ္ထ တရား ၄–ပါးသည် ပုံစံကြည့်ရုံနှင့် ကွဲကွဲပြားပြား သိနိုင်ပါလိမ့်မည်။ သင်္ခတ ပရမတ္ထတရား ၃ ပါးနှင့် အသင်္ခတ ပရမတ် ၁–ပါး၊ ပေါင်း ပရမတ္ထ တရား ၄–ပါးသည် မဖောက်မပြန် အထင်အရှား ရှိပါသည်။ ယခု ရှင်းလင်း ဖော်ပြပြီးသော ပုံစံ (၁) ခန္ဓာ ၅–ပါးကို ရှင်းရှင်းလင်းလင်း မသိဘဲနှင့် ပရမတ္ထ တရား ၄–ပါး ပုံစံ (၂) ကိုရှင်းလင်းလိမ့်မည် မဟုတ်ပါ။

http://www.dhammadownload.com

# စိတ္တာနုပဿနာရှုပွားနည်း




ရှုပုံရှုနည်းမှာ၊ သမာဓိမရခင် အိမ်သည်ကို(၁၀)မိနစ်(၁၅) မိနစ်ခန့် ဖြစ်ပျက်ရှုပါ။ ဒါမှမရသေးလျှင်ဆက်ရှုပါ။ သမာဓိရပြီးလျှင် အပြင်ဧည့်သည်၊ အတွင်းဧည့်သည်၊ ပေါ်ရာကိုရှုပါ။ ဧည့်သည်မပေါ်ပါက၊ အိမ်သည်ကိုပြန်ရှုပါ။

http://www.dhammadownload.com

# မဂ္ဂင် (၈) ပါး

## မဂ္ဂင်(၅)ပါးရှုဉာဏ်တရား

- ကောင်းစွာမြင်ခြင်း → သမ္မာဒိဋ္ဌိ
- ကောင်းစွာကြံစည်ခြင်း → သမ္မာသင်္ကပ္ပ

→ ပညာမဂ္ဂင်(၂)ပါး

- ကောင်းစွာအားထုတ်ခြင်း → သမ္မာဝါယာမ
- ကောင်းစွာအောင့်မေ့ခြင်း → သမ္မာသတိ
- ကောင်းစွာတည်ကြည်ခြင်း → သမ္မာသမာဓိ

→ သမာဓိမဂ္ဂင်(၃)ပါး

## သီလမဂ္ဂင် (၃) ပါး

- သမ္မာဝါစာ — ကောင်းစွာပြောဆိုခြင်း
- သမ္မာကမ္မန္တ — ကောင်းစွာပြုလုပ်ခြင်း
- သမ္မာအာဇီဝ — ကောင်းစွာအသက်မွေးခြင်း

→ သီလမဂ္ဂင်(၃)ပါး

၄င်းမဂ္ဂင်(၅) ပါးသည် ရှုဉာဏ်တရားဖြစ်ပါသည်။

http://www.dhammadownload.com

| သာသနာ့ပ တရားများ | သာသနာတွင်း တရားများ |
|---|---|
| ဒါန သီလ သမထ | ဒါန သီလ သမထ |

ဘဒ္ဒကမ္ဘာ
မှတ်ချက်။

သာသနာပတွင် ဘုရားမပွင့်၍ ကောင်းတာလုပ် ကောင်းကျိုးပေးသည်။ မကောင်းတာလုပ် မကောင်းကျိုးပေးသည်ဟုသိသော ကမ္မဿကတဉာဏ် တစ်ဉာဏ်သာ ရပါသည်။

သာသနာတွင်းမှာဆိုတာ ဘုရားပွင့်တာ ဟုဆိုပါသည်။ သာသနာတွင်းမှာဘုရားပွင့်၍ဉာဏ် ၂ – ဉာဏ် ရနိုင်ပါသည်။ ၎င်းတို့မှာ ကမ္မဿကတဉာဏ်နှင့် သစ္စာကိုသိသော သစ္စာနုလောမိကဉာဏ် တို့ဖြစ်ပါသည်။

၎င်း သစ္စာ နုလောမိကဉာဏ်ကို ဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် သစ္စာတရားများကို ဟောတတ်သော သံဃာတော် အရှင်မြတ်များထံ ချဉ်းကပ်ပြီး သင်အံ လေ့ကျက်အားထုတ်လျှင် ရနိုင်ပါသည်။

သစ္စာနုလောမိကဉာဏ် (ဝါ)
ဝိပဿနာဉာဏ်
(ဝါ)

၁။ အနိစ္စ ဆေးတော်ကြီး
၂။ ဒုက္ခ ဆေးတော်ကြီး
၃။ အနတ္တ ဆေးတော်ကြီး

၁။ ဘုရားပွင့်မှ ကြားခွင့်ကြုံလာ၊
၂။ နာရ, ကြားရ မှားသမျှပယ်ခွာ၊
၃။ ဘုရားဟောပြ မလွဲမှန်စွာ၊
၄။ သစ္စာလေး ပြန့်မွှေး ဒေသနာ၊

သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိပြုတ်ပုံ

လောကသမုဒယ နှင့် လောကနိရောဓ နားလည်ရင် သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိတို့ ကင်းစင်ပါသည်။

http://www.dhammadownload.com

# ဝေဒနာ နုပဿနာ ရှုပွားပုံ



http://www.dhammadownload.com

# ဝေဒနာ နုပဿနာရှုပွားနည်းပေါ်ရာရှု အရှုခံတရားများ

| | အပွင့်ခံစိတ် | ဝေဒနာအမျိုးအစား | ပေါ်ရာဌာန |
|---|---|---|---|
| ၁ | မြင်ကာ မတ္တ | ဥပေက္ခာ ဝေဒနာ | မျက်လုံးမှာပေါ်သည် |
| ၂ | ကြားကာ မတ္တ | ဥပေက္ခာ ဝေဒနာ | နားမှာပေါ်သည် |
| ၃ | နံကာ မတ္တ | ဥပေက္ခာ ဝေဒနာ | နှာခေါင်းမှာပေါ်သည် |
| ၄ | စားကာ မတ္တ | ဥပေက္ခာ ဝေဒနာ | လျှာမှာပေါ်သည် |

အပြင်ဧည့်သည် ဦးခေါင်းမှာ၊ ၄၊ နေရာ

| | | | |
|---|---|---|---|
| ၁ | ကိုယ်အကြည်ပေါ်မှာ | သုခ ဝေဒနာ | ခန္ဓာကိုယ်မှာပေါ်သည် |
| ၂ | ကိုယ်အကြည်ပေါ်မှာ | ဒုက္ခ ဝေဒနာ | ခန္ဓာကိုယ်မှာပေါ်သည် |

အပြင်ဧည့်သည် ကိုယ်အကြည်ပေါ်မှာ၊ ၂၊ မျိုး

| | | | |
|---|---|---|---|
| ၁ | ဝမ်းတွင်း အဇ္ဈတ္တ | သောမနဿ ဝေဒနာ | မနောမှာပေါ်သည် |
| ၂ | ဝမ်းတွင်း အဇ္ဈတ္တ | ဒေါမနဿ ဝေဒနာ | မနောမှာပေါ်သည် |
| ၃ | ဝမ်းတွင်း အဇ္ဈတ္တ | ဥပေက္ခာ ဝေဒနာ | မနောမှာပေါ်သည် |

အတွင်းဧည့်သည် အဇ္ဈတ္တမှာ၊ ၃၊ မျိုး

မှတ်ချက်။ ။တကိုယ်လုံးတွင် အကြည်ခံစိတ်ရှိ၍ ဝေဒနာပေါ်နိုင်ပါသည်
သို့ရာတွင် ဆံပင်၊ လက်သည်း၊ ခြေသည်း၊ အရေခြောက်
ချန်၍ အားလုံးဝေဒနာပေါ်နိုင်ပါသည်။

http://www.dhammadownload.com

# ကိလေသာ – ၁၀ – ပါး

## စိတ်ကို ညစ်နွမ်းစေအောင်လုပ်သော တရား – ၁၀ – ပါး

**လောဘ**
လိုချင်တပ်မက်ခြင်း။

**ဒေါသ**
အမျက်ထွက်ခြင်း။

**မောဟ**
တွေဝေခြင်း။

**မာန**
ထောင်လွှားခြင်း။

**ဒိဋ္ဌိ**
အယူမှားခြင်း။

**ဝိစိကိစ္ဆာ**
သံသယရှိခြင်း။

**ထိနမိဒ္ဓ**
ငိုက်မည်းခြင်း။

**ဥဒ္ဓစ္စ**
စိတ်ပျံ့လွင့်ခြင်း။

**အဟိရိက**
မကောင်းမှုလုပ်ရန် မရှက်ခြင်း။

**အနောတ္တပ္ပ**
မကောင်းမှုလုပ်ရန် မကြောက်ခြင်း။

## မီး – ၁၁ – ပါး

**လောဘ**
လိုချင်တပ်မက်ခြင်း။

**ဒေါသ**
အမျက်ထွက်ခြင်း။

**မောဟ**
တွေဝေခြင်း။

**ဇာတိ**
ပဋိသန္ဓေနေရခြင်း။

**ဇရာ**
အိုရခြင်း။

**မရဏ**
သေရခြင်း။

**သောက**
စိုးရိမ်ခြင်း။

**ပရိဒေဝ**
ငိုကြွေးခြင်း။

**ဒုက္ခ**
ဆင်းရဲခြင်း။

**ဒေါမနဿ**
နှလုံးမသာယာခြင်း။

**ဥပါယာသ**
ပြင်းစွာပူပန်ခြင်း။

http://www.dhammadownload.com

# ဝိပ္လ္လာသ တရား၊ ၁၂ ပါး

| | အနိစ္စ | ဒုက္ခ | အနတ္တ | အသုဘ |
|---|---|---|---|---|
| | နိစ္စ | သုခ | အတ္တ | သုဘ |
| သညာ ဝိပ္လ္လာသ | ၁ | ၄ | ၁ | ၃ |
| စိတ္တ ဝိပ္လ္လာသ | ၁ | ၄ | ၁ | ၃ |
| ဒိဋ္ဌိ ဝိပ္လ္လာသ | ၁ | ၁ | ၁ | ၁ |

၁။ အမှတ်(၁)သည် သောတာပန် ပယ်တာ (သောတာပတ္တိမဂ်က ပယ်သည့်တရား)။

၂။ အမှတ်(၂)မပါခြင်း၊ သကဒါဂါမ် သည် ထိုတရားကိုပင် ထပ်၍ အရှိန်းတင်ခြင်း ဖြစ်ပါသည်။ ကျမ်းဂန်တွင် အထူးမဆိုပါ။

၃။ အမှတ်(၃)သည် (အနာဂါမ် ပယ်ခြင်းဖြစ်ပါသည်)။

၄။ အမှတ်(၄)သည် (ရဟန္တာ ပယ်ခြင်းဖြစ်ပါသည်)။

http://www.dhammadownload.com

## သံယောဇဉ် ၁၀ – ပါးကို မဂ် ၄ – ပါးဖြင့် ပယ်ပုံ

(၁) ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ ပရာမာသ ဟူသော သံယောဇဉ် ၃ – ပါးကို သောတာပတ္တိမဂ်က ပယ်သည်။

(၂) ကြမ်းတမ်းသော (လောဘ၊ ဒေါသ၊ မောဟ) တရား ၃ – ပါးတို့ကို ပါးအောင် ခေါင်းပါးအောင် သကဒါဂါမိမဂ်က ပြုလုပ်သည်။

(၃) ကာမရာဂနှင့် ဗျာပါဒ ဟူသောသံယောဇဉ် ၂ – ပါးကို အနာဂါမိမဂ်က ပယ်သည်။
(ဖော်ပြပါ သံယောဇဉ် ၅ – ပါးတို့ကို ဩရမ္ဘာဂီယ သံယောဇဉ် ဟု ခေါ်သည်)

(၄) ၁ – ရူပရာဂ၊ ၂ – အရူပရာဂ၊ ၃ – မာန၊ ၄ – ဥဒ္ဓစ္စ၊ ၅ – အဝိဇ္ဇာ ဟူသော သံယောဇဉ် ၅ – ပါးကို အရဟတ္တမဂ်ဖြင့် ပယ်သည်။
(ဤ သံယောဇဉ် ၅ – ပါးကို ဥဒ္ဒံဘာဂိယ သံယောဇဉ်ဟု ခေါ်သည်။)

## ကိလေသာ ၁၀ – ပါး ပယ်ပုံ

(၁ – ၂) ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာကို ပဌမမဂ်ဖြင့် ပယ်၏။ ထို့အတူ ဒုတိယမဂ်ဖြင့် ပယ်၏။

(၃) ဒေါသကိလေသာကို တတိယ မဂ်ဖြင့် ပယ်၏။

(၄) လောဘ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပတို့ကို စတုတ္ထမဂ်ဖြင့် ပယ်၏။

## နီဝရဏ တရားများကို ပယ်ပုံ

(၁ – ၂) ဝိစိကိစ္ဆာနီဝရဏကို ပဌမမဂ်ဖြင့် ပယ်၏။ ထို့အတူ ဒုတိယမဂ်ဖြင့် ပယ်၏။

(၃) ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒ၊ ကုက္ကုစ္စနီဝရဏ တို့ကို တတိယမဂ်ဖြင့် ပယ်၏။

(၄) ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ နီဝရဏ တို့ကို စတုတ္ထမဂ်ဖြင့် ပယ်၏။

ထိနမိဒ္ဓနှင့် ပတ်သက်၍ အကျယ်သိလိုသော် (၁၄၊ ၁၂၊ ၆၀) နေ့ ဟောသော တရားအမှတ်စဉ် ၃၃၊ စာမျက်နှာ ၄၄၉ – မှာကြည့်ပါ။ မိုးကုတ် ဆရာတော်ဘုရားကြီး ဟောသော ဤ တရားအသံသွင်းနာလိုသော် – အောင်တော်မူ မိုးကုတ် ဝိပဿနာ ပြန့်ပွားရေးမှာ နာယူနိုင်ပါသည်။

http://www.dhammadownload.com

# ၃၁-ဘုံ




မှတ်ချက်။ ။၃၁ ဘုံမှာ အိုနာသေ မကင်း၍ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒုက္ခသစ္စာ ဟု ဖွင့်ပါသည်။

http://www.dhammadownload.com

# တရား

## အမေး၊ အဖြေ

မေး ။ ။ နိဗ္ဗာန် လိုချင်ရင် ဘာလုပ်ရမည်နည်း။
ဖြေ ။ ။ ဝိပဿနာ တရား အားထုတ်ရပါမည်။
မေး ။ ။ ဝိပဿနာ တရား အားထုတ်မည်ကြံရင်၊ သူ့ရှေ့နားက ဘာကို အသိနှင့် ဖြုတ်ထားရမည်နည်း။
ဖြေ ။ ။ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ တို့ကို အသိနှင့် ဖြုတ်ထားရပါမည်။
မေး ။ ။ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ ဖြုတ်မည်ကြံရင်၊ ဘာနားလည်ထားရပါမည်နည်း။
ဖြေ ။ ။ ခန္ဓပဋိစ္စသမုပ္ပါဒ် ကို နားလည်ထားရပါမည်။
မေး ။ ။ ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာကို ပထမဦးစွာ ဘာ့ကြောင့် ဖြုတ်ရပါသနည်း။
ဖြေ ။ ။ မဂ်ဉာဏ်၊ ဖိုဉာဏ် ကို ပိတ်ပင်တားဆီးတတ်သောကြောင့်။
မေး ။ ။ ဒီဟာတွေကို ဘာမှ မသိဘဲနှင့် ပယ်နိုင်ဖို့ မခဲယဉ်းဘူးလား။
ဖြေ ။ ။ အလွန်တရာ ခဲယဉ်းပါသည်။ သို့ဖြစ်ပါ၍ မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးက ဤတရားတွေကို သိအောင် သင်ပေးတတ်သော ဆရာကောင်းတွေကို တွေ့အောင်ရှာပါ ဟု အခွင့်အခါသင့်တိုင်း မှာကြား ခဲ့ပါသည်။
မေး ။ ။ ဝိပဿနာဆိုတာ အဓိပ္ပာယ် ပေါ်လွင်အောင် ပြောပြပါ။
ဖြေ ။ ။ ဝိ ဆိုတာ = အထူး၊ ပဿနာ ဆိုတာ = ရှုတာ။
မေး ။ ။ ကိုယ့်အသေဆိုတာ ဘာလဲ၊ ရှုတာဆိုတာ ဘာလဲ။
ဖြေ ။ ။ အာရုံနှင့်ဒွါရ တိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ခန္ဓာ ၅ – ပါး ရုပ်နာမ်တရားတို့သည် ဖြစ်ပေါ်ပြီးပျက်စီးသွားတာ ကိုယ့်အသေလို့ ခေါ်ပါသည်။ ရှုဆိုတာ ၎င်းဖြစ်ပေါ်လာသော ရုပ်နာမ်တို့၏ ဖြစ်မှု ပျက်မှု တို့ကိုစောင့်ကြည့်နေသော မဂ္ဂင် ၅ – ပါး ရှုဉာဏ်တရား (သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ) ပညာမဂ္ဂင် ၂ – ပါး၊ (သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ) သမာဓိမဂ္ဂင် ၃ – ပါးနှင့် စောင့်ကြည့်နေခြင်းကို ရှုတာ ဟု ခေါ်ပါသည်။

http://www.dhammadownload.com

မေး ။ ။ မြင်စိတ်သည် မျက်စိနှင့်အဆင်း တိုက်ဆိုင်လို့သာ ပေါ်လာတဲ့တရားပဲ။ တန်ခိုးရှင် ဖန်ဆင်းတာ မဟုတ်ပါဘူးဟု အသေအချာ ဉာဏ်ထဲမှာ ရှင်းရင် ဘာတွေ ပယ်သွားပါသလဲ၊ ရှင်းပြပါ။

ဖြေ ။ ၁။ မြင်စိတ်ဆိုတဲ့ တရားကလေးသည် အလိုလို ပေါ်လာတာမဟုတ်၊ မျက်စိနှင့် အဆင်းနဲ့ တိုက်ဆိုင်လို့သာ ပေါ်လာတဲ့ မြင်စိတ်တရားပဲဟု ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ရှင်းရင် ဝိစိကိစ္ဆာ စင်ပါတယ်။

၂။ ဒီ မြင်စိတ်တရားဟာ နာမ်တရား ၄ – ပါးပဲ၊ (အစက ခန္ဓာ ၅ – ပါးမှာ ခန္ဓာတို့၏ သဘောတရားများကို ရှင်းပြီးပါပြီ။) ဒီလေးပါး အပေါင်းအစုပဲ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူ၊ ငါ၊ ယောကျ်ား – မိန်းမ မဟုတ်ပါဘူးဟု အသေအချာ ဉာဏ်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ရှင်းရင် ဒီနာမ်သက္ကာယ အပေါ် မှာ အမြင်မှန်ရ၍ သက္ကာယဒိဋ္ဌိ စင်ပါတယ်။

၃။ ဒီ ဖြစ်ပေါ်လာရတဲ့ တရားသည် မည်သူ့အလိုမှ မလိုက်၊ သူ့သဘာဝအတိုင်း ဖြစ်ပြီးရင် ပျက်သွားတဲ့တရား၊ မခိုင်မြဲဘူးဟု အသေအချာ ဉာဏ်ထဲမှာ ရှင်းရင် ခိုင်တယ်၊ မြဲတယ်ဟု ယူဆထားတဲ့ သဿတဒိဋ္ဌိ စင်ပါတယ်။

၄။ ဒီလို ဖြစ်ပေါ်လာတဲ့တရား ပျက်ပြီးနောက်၊ တရားတစ်ခု အစားထိုးပြီး ပေါ်လာတာသိရင် ဘဝပြတ်တယ်လို့ ယူထားတဲ့ ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်။

မေး ။ ။ ဒိဋ္ဌိဟာ ဒီတရား ၃ – ပါးထဲပဲလား။

ဖြေ ။ ။ မဟုတ်ပါ။ ၆၂ – ပါးသော ဒိဋ္ဌိရှိပါသည်။ သို့ရာတွင် ၎င်းဒိဋ္ဌိ ၃ – ပါးနှင့် ဝိစိကိစ္ဆာ များသာ အရေးကြီး၍ ဖော်ပြခြင်းဖြစ်ပါသည်။

မေး ။ ။ ဒီလိုဆိုရင် ပိုရှင်းအောင် ပုံစံနှင့် ရှင်းပြပါ။

ဖြေ ။ ။ ပုံစံနှင့်ပြရလျှင် ပိုရှင်း၍ တစ်ဘက်ဖော်ပြပါ ပုံစံကိုကြည့်ပါ။

http://www.dhammadownload.com

| မျက်စိနှင့် အဆင်းတိုက်၍ပေါ်သော ခန္ဓာငါးပါး | လောကီမဂ္ဂင် ငါးပါး ရှုဉာဏ်တရား |
| --- | --- |







မှတ်ချက်။ ယခုမြင်စိတ်ပေါ်ပုံ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ(၄)ပါးကို သရုပ်ပြပုံနှင့် ခွဲခြား၍ ပြထားပါသည်။ မူလအခြေခံမသိသေးသော ယောဂီအားနားလည်စေချင်သော ဆန္ဒနှင့် ကွဲပြားအောင်ပြထားခြင်းဖြစ်ပါသည်။ အမှန်မှာ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာ(၄)ပါးသည် အတူတကွ ဖြစ်၍ အတူတကွ ပျက်ပါသည်။

http://www.dhammadownload.com

မှတ်ချက်။ ။

ဒွါရ ၆ – ပေါက်အနက် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့က ရုပ်ဖြစ်၍ ၎င်းတို့က ဝိပဿနာရှု၍ မရပါ။ စိတ်(မန)ကသာ ဝိပဿနာ ရှု၍ရပါသည်။

မေး ။ ။ ဒီလိုမြင်တော့ ဘာအကျိုးရှိသလဲ။

ဖြေ ။ ။ ပပဉ္စတရားဖြစ်တဲ့ တဏှာ၊ မာန ဒိဋ္ဌိ (ဝါ) တဏှာ၊ ဥပါဒါန်၊ ကံတွေလာတဲ့နေရာမှာ ကိလေသာတွေကို သတ်နိုင်တဲ့ လောကီမဂ် အစားထိုးဝင်လာတော့ သံသရာလည်မယ့် တရားများဟာ ခေတ္တခဏ(တရားအားထုတ်ချိန်မှာ) ပြတ်သွားတာပေါ့။ လောကီမဂ် (ဝါ) ဝိပဿနာမဂ်(ဝါ) ပဋ္ဌဂိကမဂ် (ဝါ) ပုဗ္ဗဘာဂမဂ် ဝင်နေတဲ့အချိန်မှာ တဏှာလည်းစွန့်ခန္ဓာလည်း စွန့်နေပါတယ်။

မေး ။ ။ ဒီလို ဝိပဿနာ အားမထုတ်ရင် ဘာဖြစ်တတ်ပါသလဲ။

ဖြေ ။ ။ ဒွါရနှင့် အာရုံတိုက်သောအခါ ခင်စရာမြင်ခင်မယ်(တဏှာ) သိပ်ခင်လွန်းအားကြီးတော့ စွဲလန်းမယ် (ဥပါဒါန်) နောက် ဒါကို မရ, ရအောင် အားထုတ်မယ်ဆိုတော့ ကမ္မဘဝ (ဝါ) ကာယကံ၊ ဝစီကံ၊ မနောကံတွေလာကုန်ရော။ ဒီလိုလာကုန်တော့ ပပဉ္စတရားတွေက အောင်မြင်သွားရော။ အောင်မြင်သွားတော့ ဒီဘဝ ဝိညာဉ်ချုပ်ပြီးရင် နောက် သူကျူးလွန်ထားတဲ့ ကံတွေအရ သူနဲ့ထိုက်တန်တဲ့ နောက်ဇာတိတွေရပါလေရော။မုန်းသူ(ဝါ)ရန်သူမြင်တော့ ဒေါပွရော။ ဒေါပွတော့ဒေါသ၊ သောက (စိုးရိမ်ခြင်း) ပရိဒေဝ (ငိုကြွေးခြင်း)၊ ဒုက္ခ (ဆင်းရဲခြင်း)၊ဒေါမနဿ(နှလုံးမသာယာခြင်း) ဥပါယာသ (ရိုက်ကြီးတငင် ပြင်းထန်စွာပူပန်ခြင်း)၊ ဆိုတဲ့ ဘေးဆိုးကြီးတွေဖြစ်ကရော။ဖြစ်တော့ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကြီး လည်သွားတာပေါ့။

မှတ်ချက်။ ။

ခင်သူမြင် မရှုရင် – ပဋိစ္စသမုပ္ပါဒ် အလယ်ကနေ လည်ပါသည်။

မုန်းတဲ့လူမြင် မရှုရင် ပဋိစ္စသမုပ္ပါဒ် အဆုံးနားကနေ လည်ပါသည်။ မသိသူမြင် မရှုရင် ပဋိစ္စသမုပ္ပါဒ် အစကနေ လည်ပါသည်။ ခင်ခင်၊ မုန်းမုန်း၊ မသိသိ၊ မြင်တာဟာ မြင်စိတ်ပေါ်တာပဲ။ မြင်စိတ် ဖြစ်ပေါ်တာနဲ့ တစ်ပြိုင်နက် ခန္ဓာ ၅ – ပါး ဖြစ်တာပဲ။ ဖြစ်ပြီး ပျက်သွားတာပဲလို့ ရှုရမှာ မရှုမိရင်တော့ ပပဉ္စတရား

http://www.dhammadownload.com

တွေက နိုင်သွားတာပေါ့။ အဲဒီလို လည်လည်သွားတော့ မသေခင်ပင် မိမိတို့ရောက်ရမယ့်နေရာ ယခုမသေခင် ဘဝကနေ၍ ဆက်သွယ်ထားတာနဲ့ တူနေပါတယ်။ [ ဥပမာ မော်လမြိုင်က မြိတ်(ဘိတ်) ကို လေယာဉ်ပျံနဲ့ သွားချင်တဲ့သူများ ကြိုတင်လက်မှတ် ယူထားသလိုပါပဲ။ ]

မေး ။ ။ ပဋိစ္စသမုပ္ပါဒ် နှင့် သံသရာကို ရှင်းပြပါ။

ဖြေ ။ ။ ပဋိစ္စ=အကြောင်းကိုစွဲ၍၊ သံ=ကောင်းစွာ၊ ဥပ္ပါဒ=အကျိုးဖြစ်ခြင်း ပေါင်းလိုက်တော့ အကြောင်းကိုစွဲ၍ ကောင်းစွာ အကျိုးဖြစ်ခြင်း ဆိုတာကို ပဋိစ္စသမုပ္ပါဒ်ဟု ခေါ်ပါသည်။
သံသရာဆိုတာ သံ=ကောင်းစွာ၊ သရာ=လည်သည်။
(အစဉ်မပြတ် အဖန်တလဲလဲ ဖြစ်ရခြင်းကို ဆိုလိုပါသည်။)

မေး ။ ။ ပဋိစ္စသမုပ္ပါဒ် မသိရင် မည်သည့် ဒိဋ္ဌိတွေ ဖြစ်သနည်း။ ထိုဒိဋ္ဌိတွေ၏ အဓိပ္ပာယ်များကို ရှင်းပြပါ။

ဖြေ ။ ။ ပဋိစ္စသမုပ္ပါဒ် မသိလို့ဖြစ်တဲ့ ကြောက်စရာကောင်းသည့် ဒိဋ္ဌိတွေ၏ အမည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။
(၁) သက္ကာယဒိဋ္ဌိ၊ (၂) သဿတဒိဋ္ဌိ၊ (၃) ဥစ္ဆေဒဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာတို့ ဖြစ်ပါသည်။

ရှင်းလင်းချက်။ ။

(၁) သက္ကာယဒိဋ္ဌိဆိုတာ ခန္ဓာ ၅ - ပါး အပေါင်းအစုကို ပုဂ္ဂိုလ် သတ္တဝါ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမဟု မှားသောအယူ။
(၂) သဿတဒိဋ္ဌိဆိုတာ ခန္ဓာ ၅ - ပါး အပေါင်းအစုကို ခိုင်တယ်၊ မြဲတယ်ဟု မှားသောအယူ။
(၃) ဥစ္ဆေဒဒိဋ္ဌိဆိုတာ ဘဝ ပြတ်တယ်ဟု မှားသောအယူနှင့် ဝိစိကိစ္ဆာဆိုတာ သံသယရှိခြင်းတို့ ဖြစ်ပါသည်။

မေး ။ ။ ဝိပဿနာတရားဆိုတာ သာသနာပမှာ ရှိသလား။

ဖြေ ။ ။ မရှိပါ။

မေး ။ ။ သာသနာပမှာ ဘာတရား ရှိပါသလဲ။

ဖြေ ။ ။ ဒါန တရား၊ သီလ တရား၊ သမထ တရားများ ရှိကြပါသည်။

http://www.dhammadownload.com

မေး ။ ။ မြတ်စွာဘုရားသခင် ထိုတရားများ မဟောခဲ့ဘူးလား။

ဖြေ ။ ။ ဟောတော့ ဟောခဲ့ပါ၏။ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ရောက်ကြောင်း ဖြစ်တဲ့ ထိုတရားများကို ဟောစဉ်၏ ရှေ့ပိုင်းတရား အနေဖြင့်သာ ဟောခြင်းဖြစ်ပါသည်။ နောက်ပိုင်းကျတော့ ဘုရားရှင် ကိုတ်တော်မြတ်ကြီး အမှန်တကယ် အလိုရှိသော တရားအနေဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရကြောင်းဖြစ်တဲ့ ဝိပဿနာ သစ္စာတရားသာ ဟောပါသည်။

မေး ။ ။ ဘုရားဝါဒ သိအောင် မည်ကဲ့သို့ လုပ်ရပါမည်နည်း။

ဖြေ ။ ။ သစ္စာတရားဟောတတ်ပြီး နိဗ္ဗာန်ရောက်ကြောင်း ကောင်းစွာနားလည်ပြီး နည်းပေးလမ်းပြ လုပ်တတ်တဲ့ ဆရာကောင်း သမားကောင်းရှာပါ။ တွေ့ရင် ချဉ်းကပ်ပါ။

မှတ်ချက်။ ။

ဆရာကောင်း သမားကောင်း ဆိုသည်မှာ သံသရာပြတ်ကြောင်း သစ္စာတရား ဟော၍ ပြတတ်သော ဆရာကောင်း သမားကောင်းတို့ကို ဆိုလိုပါသည်။

မေး ။ ။ သံသရာ လည်တယ်ဆိုတာ ဘာလဲ။

ဖြေ ။ ။ ခန္ဓာ၊ အာယတန၊ ဓာတ်တို့ မပြတ်ဖြစ်ခြင်းသည် သံသရာ။

၃၁ – ဘုံ ဆိုတာ . . .

၁ – ဗြဟ္မာ ၂၀၊ ၂ – နတ်ပြည် ၆ – ထပ်၊ ၃ – လူ့ပြည် ၁ – ဘုံ၊ ၄ – ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံတို့ကို ပေါင်း၍ ယူပါလျှင် ၃၁ – ဘုံ ဖြစ်ပါသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းများ မကင်းပါ၍ ဒုက္ခဘုံကြီး ဖြစ်ပါသည်။ ထို့ကြောင့် သစ္စာနဲ့ ဖွဲ့ပြီးပြောလျှင် ဒုက္ခသစ္စာနယ်ဖြစ်ပါသည်။

မေး ။ ။ ဒုက္ခသစ္စာဆိုတာ ဘာလဲ။

ဖြေ ။ ။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒုက္ခသစ္စာကို ဒု – ခ – သစ္စာ ဟု အမည်ပေးထားပါသည်။

အဓိပ္ပါယ်မှာ –

၁။ ဒု = စက်ဆုပ်စရာ၊

၂။ ခ = အသုံးမကျတာ၊

၃။ သစ္စာ = အမှန်ပါ၊ ပေါင်းလိုက်တော့ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ပါ။

သို့အတွက် လူ၊ နတ်၊ ဗြဟ္မာတို့သည် သစ္စာမသိတဲ့ ပုဂ္ဂိုလ်အနေနဲ့ကြည့်ရင် သုခဘုံလို့ ထင်ရပေမယ့် အို၊ နာ၊ သေ သည်ဖြစ်ရာ၊ ခန္ဓာမှာ ပါနေတဲ့အတွက် ဒုက္ခ ကင်းတယ်လို့ မဆိုနိုင်ပါ။

မေး ။ ။ သံသရာ ဘေးဆိုးကြီးမှ လွတ်တဲ့ ဤ နိဗ္ဗာန်ရအောင် ဉာဏ်၊ ဘယ်နှစ်ဉာဏ်လိုပါသလဲ။

ဖြေ ။ ။ ၁။ ကမ္မဿကတ ဉာဏ်
၂။ နာမရူပ ပရိစ္ဆေဒ ဉာဏ်
၃။ ပစ္စယ ပရိဂ္ဂဟ ဉာဏ်
၄။ ဝိပဿနာ ဉာဏ်
၅။ မဂ် ဉာဏ် ဆိုတဲ့ ဉာဏ် ၅ – ပါးလိုပါသည်။

မေး ။ ။ ယင်း ဉာဏ် ၅ – ပါးတို့၏ အဓိပ္ပာယ်ကား အဘယ်နည်း။

ဖြေ ။ ။ ၁။ ကမ္မဿကတဉာဏ် ဆိုသည်မှာ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးတယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးတယ်ဟု ဗုဒ္ဓဘာသာ အမည်ခံသူတိုင်း သိတဲ့ဉာဏ်ကို ဆိုလိုပါတယ်။
၂။ နာမရူပ ပရိစ္ဆေဒဉာဏ် ဆိုသည်မှာ – ရုပ်နှင့်နာမ်တို့ကို ကွဲကွဲပြားပြားပိုင်းပိုင်းခြားခြား သိတဲ့ဉာဏ် ဖြစ်ပါတယ်။
၃။ ပစ္စယ ပရိဂ္ဂဟဉာဏ် ဆိုသည်မှာ –အကြောင်းအကျိုး သိမ်းဆည်းသိသော (ဝါ) ရုပ်နာမ် မည်ကဲ့သို့ ဖြစ်ပေါ်ကြောင်းဆိုတဲ့ အကြောင်းနှင့်အကျိုး ကို သိမ်းဆည်းသိသောဉာဏ် ဖြစ်ပါတယ်။ (ပဋိစ္စသမုပ္ပါဒ်ပါပဲ)
၄။ ဝိပဿနာဉာဏ် ဆိုသည်မှာ – အာရုံနှင့် ဒွါရတိုက်ဆိုင်လို့ ရုပ်နာမ် ဖြစ်ပြီး ပျက်သွားတာကို လောကီမဂ္ဂင် ၅ – ပါး ရှုဉာဏ် တရားနှင့် စောင့်ကြည့်နေခြင်းကို ဆိုလိုပါတယ်။

မေး ။ ။ ဝိပဿနာဉာဏ်၏ နာမည်ကွဲများ ဘယ်နှစ်ခုရှိပါသနည်း။

ဖြေ ။ ။ လောကီမဂ္ဂင် ၅ – ပါး ရှုဉာဏ်တရားသည် အမည် ၄ – မျိုး ရပါသည်။ အမည်ကွဲ ၄ – ခု ရှိပါသည်။ ယင်းတို့မှာ –

http://www.dhammadownload.com

(၁) ပုဗ္ဗဘာဂမဂ်၊
(၂) လောကီမဂ်၊
(၃) ပဋ္ဌဂီကမဂ်၊
(၄) ဝိပဿနာမဂ် တို့ ဖြစ်ပါသည်။

လောကီမဂ္ဂင် ၅ – ပါး ရှုဉာဏ်တရား ဆိုသည်မှာ –

သမ္မာ ဒိဋ္ဌိ
သမ္မာ သင်္ကပ္ပ } ----- ပညာမဂ္ဂင် ၂ – ပါး။

သမ္မာ ဝါယမ
သမ္မာ သတိ
သမ္မာ သမာဓိ } ----- သမာဓိမဂ္ဂင် ၃ – ပါးတို့ ဖြစ်ပါသည်။

မေး ။ ။ မဂ်ဉာဏ်ဆိုသည်မှာ – ဘာလဲ။

ဖြေ ။ ။ မဂ်ဉာဏ်ဆိုသည်မှာ –

၁။ သမ္မာဝါစာ၊
၂။ သမ္မာကမ္မန္တ၊
၃။ သမ္မာအာဇီဝ ဆိုတဲ့ သီလမဂ္ဂင် ၃ – ပါးထပ်၍ ဖြစ်ပေါ်လာတော့သည်။ အရင်က ပထမ ဝိပဿနာမဂ် ၅ – ပါးနှင့် တစ်ခါတည်းပေါင်း ဖြစ်လာသည့်အတွက် မဂ္ဂင် ၈ ပါး ဖြစ်သွားပါသည်။ ဒီမဂ်ဉာဏ် ဆိုက်ရောက်လာတဲ့အခါ၊ မိမိတို့နှင့် ထိုက်သင့်သော မဂ်တရား၊ ဖိုလ်တရားများ ရလာပြီး ပထမ အပါယ်တံခါးပိတ်တဲ့ ' သောတာပတ္တိမဂ် ' ရပါသည်။ မဂ်ရလျှင် ဖိုလ်ရမှာပဲ။ ဒါက ဓမ္မနိယာမ အတိုင်းပဲ။ နောက် ဆက်လက်ကြိုးစားလျှင် ကြိုးစားသလောက် အထက်မဂ်များ ရရှိသွားပါလိမ့်မယ်။

မေး ။ ။ ဒါဖြင့် ဝိပဿနာ တရားဟာ မလုပ်ရင် မဖြစ်တဲ့ တရားလော။

ဖြေ ။ ။ မိမိကိုယ်ကို မိမိ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ချင်ရင်၊ ဒီတရားဟာ မလုပ်ရင် မဖြစ်တဲ့ တရားပါပဲ။

http://www.dhammadownload.com

# ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏
# ❋ ဓမ္မသံဝေဂ ဩဝါဒ ကထာများ ❋

(၁) ဖြစ်ပျက်သမျှ၊ သခ်ါရ၊ ဒုက္ခသစ္စာမှတ်
(၂) ဖြစ်ပျက်မှုတွင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်။
(၃) ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်။
(၄) ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

၁။ ယုံကြည်ကျွန်းမာ၊ ၂။ စိတ်ဖြောင့်စွာ၊ ၃။ လွန်စွာအားထုတ်
၄။ နာမ်နှင့်ရုပ်ကို၊ ၅။ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ အမှန်ပင် မဂ်ရကြောင်း။

၁။ မစွန့်ကာမ၊ ၂။ ဆရာမရှိ၊ ၃။ ဝီရိယလျော့၊ ၄။ အားအင်ပျော့ကာ
၅။ လွန်စွာယူမှား၊ ဤငါးပါး၊ တရားမဂ်ဖိုလ် ဝေးလေတည်း။
၁။ သူတော်ဆည်းကပ်၊ ၂။ မြတ်တရားနာ၊ ၃။ လျော်စွာအကျင့်၊
၄။ မဂ်ဖိုလ်ခွင့်၊ ရလင့်ကေန်သာ။
၅။ ငါသည် မုချသေရမည်၊အချိန်ပိုင်းသာ လိုတော့သည်။
(ငင်း နံပါတ် ၅ ကို တစ်နေ့ ၃ ခေါက်ဆိုပါ၊ ခဏ,ခဏဆိုပါ။)

## အောက်ပါများကို နှစ်ခါစီ ဆိုရပါမည်

၁။ သစ္စာလေးပါးဆိုတာ သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ။
၂။ ရခဲတဲ့ ဘဝကလေးမှာ အလကား အချိန်တွေ မဖြုန်းလိုက်ပါနဲ့။
၃။ နားက တရားကိုနာပါ၊ ဉာဏ်က ခန္ဓာလှည့်ပါ။
၄။ တရားနာတာသည် မိမိအရေး၊ တရားအားထုတ်တာသည် မိမိအရေး။
၅။ နားကြီးကြီးနဲ့ တရားကိုနာပါ။
၆။ ဝိပဿနာ အားမထုတ်ဘဲနဲ့ နေ့ရွေ့ ရက်ရွေ့ ရွေ့တာသည် ဉာဏ်က မဦးဘဲနဲ့ အသေက ဦးသွားလျှင် ကိုယ့်အတွက် အလွန်နစ်နာမည်။
၇။ ဝိပဿနာတရား အားထုတ်တဲ့အခါမှာ ကိလေသာ ကြားမခိုစေနဲ့။
၈။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ စာထဲမှာ ရှိတာမဟုတ်ဘူး၊ ခန္ဓာထဲမှာ ရှိတဲ့တရား။

http://www.dhammadownload.com

၉။ မိမိခန္ဓာထဲမှာ ရှိတဲ့ ပဋိစ္စသမုပ္ပါဒ် ကို မိမိဉာဏ်နဲ့ ရှင်းအောင်လုပ်ပါ။
၁၀။ စာ,ပဋိစ္စသမုပ္ပါဒ် သိတာသည် သညာသိ၊ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် သိတာကမှ ပညာသိ။
၁၁။ သညာသိနှင့် နိဗ္ဗာန် မရောက်နိုင်ပါ။ ပညာသိနဲ့ မှ နိဗ္ဗာန် ရောက်နိုင်မည်။
၁၂။ ရှေ့ နောက် ခွဲတတ်ပါစေ။ မိမိအရေးကို ရှေ့ကထားပါ။ သား,သမီးအရေးကို နောက်ကထားပါ။
၁၃။ ဘဝကူးကောင်းအောင် မလုပ်ပါနဲ့၊ ဘဝပြတ်အောင် လုပ်ပါ။
၁၄။ ဒါနက သံသရာရှည်တာလား။ ဒါန နောက်က အသိမလိုက်လို့ သံသရာရှည်တာလား။
၁၅။ ဒါန နောက်က အသိမလိုက်လို့ သံသရာရှည်တာပါ။
၁၆။ သစ္စာကိုသိလျှင် ခန္ဓာကို ရောင်းလှူပါ။
၁၇။ အရှိ နှင့် အသိ ကိုက်အောင်လုပ်တာ ဝိပဿနာ။
၁၈။ အိုရာက နာရာ မရောက်ခင် ဝိပဿနာ လုပ်ပါ။
၁၉။ ရှေ့စိတ်ကို နောက်စိတ်နဲ့ ရှုတာ ဝိပဿနာ။
၂၀။ ရှေ့နာမ်ကို နောက်ဉာဏ် နှင့် ရှုတာ ဝိပဿနာ။
၂၁။ ရှေ့အသေကို နောက်အနေ နှင့် ရှုတာ ဝိပဿနာ။
၂၂။ အသေက ဖြစ်ပျက်၊ အရှင်က မဂ်၊ အပျက်နဲ့ မဂ်နဲ့ ကိုက်အောင် ရှုတာ ဝိပဿနာ။
၂၃။ ရှေ့က ဖြစ်ပျက်၊ နောက်က မဂ်နဲ့ ကိုက်အောင် ရှုတာ ဝိပဿနာ။
၂၄။ အသေကို အရှင်က ကြည့်တာ ဝိပဿနာ။
၂၅။ အလုပ်ကြည့်ချင်ရင် ခန္ဓာကြည့်၊ အလုပ်စဉ်ကြည့်ချင်ရင် မှတ်တမ်းကြည့်။
၂၆။ သူများစိတ် အကဲမခတ်နှင့်၊ မှားသော်ရှိ , မှန်သော်ရှိ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်တာမှ အမှန်ရမည်။
၂၇။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်မသိတာသည် အဆိုးဆုံး။
၂၈။ ကိုယ့်စိတ်ဖြစ်တာ ကိုယ်အကဲခတ်နိုင်မှ ဝိပဿနာ ဖြစ်မည်။

| | | |
|---|---|---|
| ဖြစ်ပျက်က | ... | ဒုက္ခသစ္စာ |
| သိတာက | ... | မဂ္ဂသစ္စာ |
| သေတာက | ... | သမုဒယသစ္စာ |
| နောင် ခန္ဓာ မလာတာက | ... | နိရောဓသစ္စာ |

· http://www.dhammadownload.com

## ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အမှာစကား

ဘုန်းကြီးတို့၊ ဒကာ – ဒကာမတို့ . . .၊

(၁) ကမ္မသကတဉာဏ်လောက်နဲ့ အားမကိုးပါနဲ့ဦး။
(၂) နာမ်ရူပ ပရိစ္ဆေဒဉာဏ်လောက်ကိုလည်း အားမကိုးပါနဲ့ဦး။
(၃) ပစ္စယ ပရိဂ္ဂဟဉာဏ်လောက်ကိုလည်း အားမကိုးပါနဲ့ဦး။
(၄) ပဋိစ္စသမုပ္ပါဒ် နားလည်ရုံမျှလောက်နဲ့ တော်လောက်ပြီလို့ တင်းတိမ် မနေလိုက်ပါနဲ့ဦး။
(၅) လက္ခဏာရေး သုံးပါး သိမြင်ရုံမျှနဲ့လည်း တော်လောက်ပြီလို့ တင်းတိမ်ပြီး မနေလိုက်ပါနဲ့ဦး။ တစ်ဘ၀နစ်နာမှာ စိုးရသေးတယ်။ ဒါဖြင့် ဘုန်းကြီးတို့ ဒကာ – ဒကာမတို့တတွေမှာ ခန္ဓာ ဇာတ်သိမ်း ချုပ်ငြိမ်းရာ ရောက်မည့် မဂ်ဉာဏ်လေးပါးသာ အားကိုးရာ အစစ် ဖြစ်သည်ဟု ယတိပြတ် ဆုံးဖြတ်ကြပါလေ။

မှတ်ချက်။ ။

စာသာကြည့်ရင်တော့ မှတ်တမ်းပဲ၊ စာကြည့်ပြီး ပြောနေရင် အပြော သမားပဲ အပြောနဲ့ စာကြည့်နဲ့ကတော့ သံသရာ ဘေးဆိုးကြီးမှမလွတ်နိုင်ကြပါ။

မမေ့မလျော့သောတရား လက်ကိုင်ထားပြီး ကျင့်ကြံ ကြိုးကုတ် အားထုတ် မှသာလျှင် သံသရာ ဘေးဆိုးကြီးမှ လွတ်ကင်းပါလိမ့်မယ်။

ယောဂီ –

(၁) ဝိပဿနာ အလုပ်သည် ဘာလဲဟုမေးလျှင်၊ အမှန်တရားကိုရှာသော နည်းလမ်းဟု ဖြေပါ။
(၂) ဝိပဿနာ အလုပ်သည် ဗုဒ္ဓတရားတော်၌ မပါလျှင်မပြီးသော အလုပ် ဖြစ်ပါသည်။

http://www.dhammadownload.com

(၃) သစ္စာသိရေး၊ မဂ္ဂင်လမ်းပွင့်ရေးနှင့် နိဗ္ဗာန်ရောက်ရေး၌ ဝိပဿနာမပါ၍ မပြီးပါ။ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ဟု စွဲစွဲမြဲမြဲ မှတ်ထားပါလေ။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တရား ကြားနာရုံမျှနှင့် နိဗ္ဗာန် ပေါက်ရောက်ကြသည့် ပုဂ္ဂိုလ်များဟာ ခန္ဓာဉာဏ်လှည့်သည့် ဝိပဿနာဉာဏ်ကြောင့် ဖြစ်ပါသည်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသား ဘုရား ဖြစ်ခြင်းသည်ပင် ဝိပဿနာ အလုပ်ကြောင့် ဖြစ်ပါသည်။

## သမုတိသစ္စာ ဘုရားမပယ်တာ ဒါတွေကြောင့်

| | | |
|---|---|---|
| ၁။ ဟိရိဩတ္တပ္ပ | ... | အလို့ငှာ |
| ၂။ ကမ္မဿကတဉာဏ် | ... | အလို့ငှာ |
| ၃။ သာဟတ္ထိကဒါန | ... | အကျိုးငှာ |
| ၄။ ပဋ္ဌာနန္တရိယကံ | ... | အကျိုးငှာ |
| ၅။ မေတ္တာဘာဝနာ | ... | အကျိုးငှာ |
| ၆။ ပုဗ္ဗေနိဝါသဉာဏ် | ... | အကျိုးငှာ |
| ၇။ အယုတ် အမြတ် | ... | အကျိုးငှာ |
| ၈။ လောကဝေါဟာရ | ... | မပယ်လို၍ စသည်တို့ဖြစ်ပါသည်။ |

## ကြွက် လေး မျိုး

| | | |
|---|---|---|
| ၁။ တွင်းတူးတယ် | ... | မအောင်း။ |
| ၂။ တွင်းမတူး | ... | မအောင်း။ |
| ၃။ တွင်းတူးတယ် | ... | အောင်းတယ်။ |
| ၄။ တွင်းမတူး | ... | အောင်းတယ်။ |

## ဒါန ၂ – မျိုး

| | | |
|---|---|---|
| ၁။ ပုထုဇဉ်အတွက် တစ်မျိုး | ... | လောကီချမ်းသာ။ |
| ၂။ ယောဂီအတွက် တစ်မျိုး | ... | လောကုတ္တရာချမ်းသာ။ |

http://www.dhammadownload.com



http://www.dhammadownload.com

# ယောဂီ

## သင်မျက်စိဖွင့်တတ်ရဲ့လား —— ဖွင့်ပြပါ



http://www.dhammadownload.com





ပုဗ္ဗဘာဂမဂ်
မဂ္ဂင်ငါးပါး ရှုဉာဏ်တရား
မဂ္ဂင်·၅·ငါးပါး ရှုဉာဏ်တရား
ပညာမဂ္ဂင်·၂·ပါး
သမ္မာဒိဋ္ဌိ
သမ္မာသင်္ကပ္ပ
သမ္မာဓိမဂ္ဂင် ၊ ၃ ၊ ပါး
သမ္မာဝါယမ
သမ္မာသတိ
သမ္မာသမာဓိ
မိစ္ဆာ ဒိဋ္ဌိ
သက္ကာယ+ဒိဋ္ဌိ ကြားစိတ်ကိုငါထင်
အပါယ်လေးဘုံ
ငရဲ
တိရစ္ဆာန်
ပြိတ္တာ
အသုရကာယ်

http://www.dhammadownload.com

ယောဂီ –

အပေါ်ပုံကို ကြည့်ခြင်းအားဖြင့် –

(၁) ခန္ဓာငါးပါး၊ အာယတန ၁၂ – ပါး၊ ဓာတ် ၁၈ – ပါး၊ သစ္စာနှင့် ပဋိစ္စသမုပ္ပါဒ်တရားများ ထင်ရှားပေါ်လွင်နေပါသည်။

(၂) နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟဉာဏ် ထင်ရှားအောင် ပြထားပါသည်။

(၃) ခန္ဓာပေါ်တွင် အမြင်မှန်ရင် နိဗ္ဗာန်ရောက်မည်။ ခန္ဓာပေါ်တွင် အမြင်မှားရင် အပါယ်လေးပါးရောက်မည့်အကြောင်း ထင်ရှားစွာ ပြထားပါသည်။

(၄) နိဗ္ဗာန်ရောက်ရန် မဂ် ၄ – ဆင့် တက်ရပါသည်။ ဤပုံကိုကြည့်၍ ခန္ဓာပေါ်ပုံ၊ ခန္ဓာပျက်ပုံ သိမြင်မည့်အပြင် သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာတို့ ကင်းစင်မည့်အပြင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ပါလျှင် ပထမ မဂ် အောင်မြင်ပါလိမ့်မည်။ ဆက်ကြိုးစားလျှင် ကြိုးစားသလောက် အထက်မဂ်များ ရပါလိမ့်မည်။

မျက်စိနှင့်အဆင်း၊ နားနှင့်အသံ တည်းဟူသော တိုက်ဆိုင်၍ ပေါ်ပေါက်လာတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဆိုတဲ့ ခန္ဓာငါးပါး (ဝါ) ရုပ်နာမ်၊ နှစ်ပါး၏ အဖြစ်သိတာသည် (၁) သမ္မာဝါယမ၊ (၂) သမ္မာသတိ၊ (၃) သမ္မာသမာဓိ ဟု ခေါ်သော သမာဓိမဂ္ဂင် ၃ – ပါးနှင့် စောင့်၍ ခန္ဓာ ငါးပါး ပေါ်မှန်း သိရပါသည်။ ခန္ဓာ ငါးပါး ပျက်မှန်းသိတာကတော့ (၁) သမ္မာဒိဋ္ဌိ၊ (၂) သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာ မဂ္ဂင်နှစ်ပါးကြောင့် သိခြင်းဖြစ်ပါသည်။ အဲဒါကြောင့် ကျေးဇူးရှင် မိုးကုတ် ဆရာတော်ဘုရားကြီးက မဂ္ဂင် ငါးပါး မစုံဘဲနှင့် ဖြစ်ပျက် မမြင်နိုင် ဟု ဟောပါသည်။

စာရှုသူ ယောဂီက ဖြစ်ပျက်ကို မှီကော မှီလိုက်ရဲ့လားဟု မေးကောင်း မေးလိမ့်မည်။ စိတ်ဆိုသည်မှာ နှစ်စိတ် တစ်ပြိုင်တည်း မပေါ်ကောင်းပါ။ ခန္ဓာပေါ်နေချိန်မှာ ဉာဏ်မပေါ်နိုင်ပါ။ ရှေ့က ခန္ဓာဖြစ်ပျက်ကို နောက်က မဂ္ဂင်ငါးပါး ရှုဉာဏ်တရားနှင့် သိပေးရပါသည်။ အဲဒါကြောင့် ကျေးဇူးရှင် မိုးကုတ် ဆရာတော်ဘုရားကြီးက ရှေ့က ဖြစ်ပျက် နောက်ကမဂ် ဟု ဝိပဿနာဉာဏ် ဖြစ်ပုံ ဟောခဲ့ပါသည်။

http://www.dhammadownload.com

(ရှေ့ကဖြစ်ပျက် ဆိုသည်မှာ – ခန္ဓာငါးပါး အရှုခံတရား)။ (နောက်က – မဂ်) ဆိုသည်မှာ – ဖြစ်ပျက်ကို သိလိုက်သော မဂ္ဂင် ငါးပါး ရှုဉာဏ်တရား)ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးက ရှေ့အရှုခံ နောက်က ရှုဉာဏ်ဟုလည်း အမျိုးမျိုးဖြင့် ဝိပဿနာ အားထုတ်တတ်အောင် ဟောပါသေးသည်။

အရှုခံက ခန္ဓာငါးပါး၊ ရှုဉာဏ်က မဂ္ဂင်ငါးပါး ဖြစ်ပါသည်။ အရှုခံ ခန္ဓာပေါ်ရာ ကြည့်လိုက်တော့ ခန္ဓာတွေ့သလား၊ မရှိတာတွေ့သလား ဆိုတော့ မရှိတာတွေ့ပါသည်။ ဒါကြောင့် မြတ်စွာဘုရား တရားတော်အတိုင်း မိုးကုတ်ဆရာတော်ဘုရားက "ဟုတွာ အဘာဝတ္တေန အနိစ္စံ" ဟု ဟောပါသည်။ ( ဟုတွာ – ဖြစ်ပြီး၍၊ အဘာဝတ္တေန – မရှိတော့သည့် သဘောကြောင့်၊ အနိစ္စံ – အနိစ္စမည်၏။) ဤသို့ ဖြစ်ပျက်မြင်မှသာလျှင် ခန္ဓာငါးပါးအနိစ္စတရား၊ ခန္ဓာငါးပါးဒုက္ခတရား၊ ခန္ဓာငါးပါး အနတ္တတရား ဟု လက္ခဏာရေး သုံးပါးကို ဉာဏ်နှင့်တွေ့နိုင်ပါသည်။ ပါးစပ်က ရွတ်သောအနိစ္စ၊ ဒုက္ခ၊ အနတ္တသည် ဉာဏ်တွေ့မဟုတ်ပါ။ စာပြန်တာသာလျှင် ဖြစ်ပါသည်ဟု မိုးကုတ်ဆရာတော်ဘုရားကြီးက ဆုံးမဟောကြားပါသည်။

### သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိရှိသူတို့၏ စိတ်နေစိတ်ထား သဘောသွားများ။

သဿတဒိဋ္ဌိရှိသူတို့ သဘောသွားများမှာ –

၁။ ဟိုဘဝ ဒီဘဝ ရှိသည်ဟု ယုံကြသည်။
၂။ ကောင်းတာလုပ် ကောင်းကျိုးပေးသည်၊ မကောင်းတာလုပ် မကောင်းကျိုးပေးသည်ဟု ယုံကြည်သည်။
၃။ ကုသိုလ်အလွန် လုပ်ပါသည်။
၄။ အကုသိုလ် လုပ်ရမှာ အလွန်ကြောက်ပါသည်။
၅။ ဘုရားနဲ့တွေ့တွေ့၊ ဘုရားတပည့်သားများနဲ့တွေ့တွေ့၊ နိဗ္ဗာန် ချက်ချင်း မလိုက်လို၊ ဘုံဘဝထဲမှာ ပုန်းအောင်းချင်သေးသည်။ (သူက အပြစ်သေးပြီး ကျွတ်တမ်းဝင်ဖို့ နေးတယ်။)

ဥစ္ဆေဒဒိဋ္ဌိ ရှိသူ၏ သဘောသွားများမှာ –

၁။ ဟိုဘဝ ဒီဘဝ ရှိသည်ဟု ယုံကြည်သည်။
၂။ ကောင်းတာလုပ် ကောင်းကျိုးပေးသည်၊ မကောင်းတာလုပ် မကောင်းကျိုးပေးသည်ဟု ယုံကြည်ပါသည်။

http://www.dhammadownload.com

၃။ ကုသိုလ်ကောင်းမှု ဘယ်တော့မှ မလုပ်။
၄။ အကုသိုလ်ကို ရဲရဲကြီး လုပ်ပါသည်။ အလွန်လုပ်ပါသည်။
၅။ ဘုရားနဲ့တွေ့တွေ့၊ ဘုရားတပည့်သားများနဲ့တွေ့တွေ့၊ သစ္စာတရားများ နာကြားလိုက်ရလျှင်၊ သူ့အယူကိုစွန့်၍ ချက်ချင်း နိဗ္ဗာန် ရောက်အောင် အားထုတ်ပါသည်။ (သူက အပြစ်ကြီးပေမယ့် ကျွတ်တမ်းဝင်မြန်တယ်။) ဤနှစ်ပါးကိုပယ်၍ အလယ်လမ်း လိုက်ရပါမည်။ အလယ်လမ်း ဆိုတာ မဂ္ဂင်ရှစ်ပါးလမ်း ဟု ခေါ်ပါသည်။

သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိ တို့ဖြစ်ရတာ ခန္ဓာ ပဋိစ္စသမုပ္ပါဒ် မသိလို့ဘဲ။ ဒီနှစ်ခု လွတ်ချင်ရင် ခန္ဓာဖြစ်စဉ် သိဖို့လိုပါတယ်။ ခန္ဓာဖြစ်စဉ် ဆိုတာက ဒီလိုပါ။ အာရုံနဲ့ ဒွါရတိုက်လို့ ပေါ်လာတဲ့ ခန္ဓာကိုဆိုလိုပါတယ်။ ဒီအလေးချိန် ၃၅ – ၄၀ ပိဿာရှိတဲ့ ခန္ဓာကိုယ်ကြီးကို မဆိုလိုပါဘူး။

အထက်ဖော်ပြပါ သဿတဒိဋ္ဌိ ရှိသူတို့၏ စိတ်နေသဘောထားနှင့် ဥစ္ဆေဒဒိဋ္ဌိ ရှိသူတို့၏ စိတ်နေသဘောထားများသည်၊ မိုးကုတ်ဆရာတော်ကြီး၏ ဟောစဉ်နှင့် အညီ ရေးသားထားခြင်းဖြစ်ပါသည်။ အကယ်၍ ဤ ဒိဋ္ဌိနှစ်မျိုးဟောပုံ အကျယ်တဝင့် သိလိုပါလျှင်၊ (၁၆ ၊ ၃ ၊ ၆၁) နေ့ ဟောသော တရားအမှတ်စဉ် စာအုပ် ၁၃၊ စာမျက်နှာ ၃၀၂ – တွင်ကြည့်ရှုပါ။ သဿတနှင့်ဥစ္ဆေဒ ရှိသူများ၏ စိတ်နေသဘောထား ဟု ပါသော ဟောကွက်မှာ ၎င်းအမှတ်စဉ် စာအုပ် ၁၃၊ စာမျက်နှာ ၃၂၂ – မှာကြည့်ပါ။ ဆရာတော်ကြီး ကိုယ်တော်တိုင် (၁၆ ၊ ၃ ၊ ၆၁) နေ့တွင် ဟောသော အသံသွင်း တရား နာလိုပါသော် – မိုးကုတ်ဝိပဿနာ ပြန့်ပွားရေး၊ အမှတ် ၁၇၁၊ မြစန္ဒာလမ်း၊ အောင်တော်မူ၊ မန္တလေး သို့ ကြွလှည့်ကြပါ။

⊕ ⊕ ⊕

## နိယတ မိစ္ဆာဒိဋ္ဌိ ၃ မျိုး

၁။ နောက်ဘဝမှာ ကုသိုလ်ကံ၊ အကုသိုလ်ကံ၏ အကျိုးမရှိဘူးလို့ ယူတယ်။ အကျိုးတရားမရှိဘူးလို့ ပယ်တယ်။ (နတ္ထိက ဒိဋ္ဌိလို့ ခေါ်ပါတယ်။)

http://www.dhammadownload.com

၂။ ကောင်းတာပြုလည်း ကောင်းတာမဖြစ်၊ မကောင်းတာပြုလည်း ကောင်းတာမဖြစ်၊ အကြောင်းတရား ပယ်ပြန်တယ်။ ( အဟေတုကဒိဋ္ဌိလို့ ခေါ်ပါတယ်။)

၃။ ကံရော၊ ကံ၏ အကျိုးတရား ၂ – ပါးလုံးကို ပယ်ပြီးယူတဲ့ အခါကျတော့ (အကိရိယဒိဋ္ဌိလို့ ခေါ်ပါတယ်။)

ဤဒိဋ္ဌိ ၃ – မျိုးစလုံးဟာ အကြီးကျယ်ဆုံး အမှားကြီးပဲဟု ဆိုပြီး ဘုရားက နိယတမိစ္ဆာဒိဋ္ဌိ (မြဲမြံတဲ့ အယူမှား) လို့ နာမည် တပ်ပါတယ်။

အသိ ၃ – မျိုးရှိပါတယ်။ စက္ခုဝိညာဉ်အသိ၊ (သာမညအသိ၊ သိကာမတ္တပါ။) မနောဝိညာဉ်အသိ (အဖြူသိ၊ အမဲသိ၊ ယောက်ျားမှန်းသိ၊ မိန်းမမှန်းသိပါ။ ဒါက ပုဂ္ဂိုလ်အသိပါ။)

အာရုံဒွါရတိုက်လို့ ပေါ်လာတဲ့တရား သိတာက ပညာသိ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်မှန်းအသိ၊ ဒီလိုတရားကို တရားအတိုင်းမြင်ရင် (သက္ကာယဒိဋ္ဌိစင်)။ ဒီလိုပေါ် လာတဲ့တရားဟာ မမြဲမှန်းသိ (သဿတဒိဋ္ဌိစင်)။ အစားထိုးတာသိ (ဥစ္ဆေဒဒိဋ္ဌိစင်)။ မရှုရခင် စိတ်အစားထိုးမယ်။ ၎င်းဒိဋ္ဌိ ၃ – မျိုးက ပထမ ဉာတပရိညာ (အသိ) နှင့် မပြတ်အားထုတ်နေကြရင် ကုသိုလ်တော့ ရပါတယ်လို့ ပြောနိုင်ပါတယ်။ မဂ်တရား ဖိုလ်တရားတော့ မရနိုင်ပါ။ ဘာကြောင့်လည်းဆိုတော့ အားနည်းတဲ့ ဝိပဿနာ ဖြစ် နေလို့ပဲ။ (ဒုဗ္ဗလ ဝိပဿနာခေါ်ပါတယ်)။ မိုးကုတ်ဆရာတော်ဘုရားကြီး ဆုံးမ ထားခဲ့သလို၊ တရားအားမထုတ်မီ ဒီ – ဒိဋ္ဌိဆိုးတို့ကို အသိဉာဏ်နဲ့ ပိုင်ပိုင်နိုင်နိုင် ဖြုတ်ပြီးမှ တရားအားထုတ်ကြရင် (ဗလဝ ဝိပဿနာဖြစ်၍) မဂ်တရား – ဖိုလ်တရား ကို လွယ်လွယ်ကူကူ ရနိုင်ပါတယ်။ ဒါကြောင့် ဦးပဥ္စင်းက ဒါယကာ – ဒါယိကာမ တွေကို အခြေခံ ပဋိစ္စသမုပ္ပါဒ်ကို သင်ပေးနေရခြင်း ဖြစ်ပါသည်။ ယောဂီတို့ အကျိုးပါ။သူ့စရိုက်နှင့် သူကိုက်မှ တရားအားထုတ်တဲ့ နေရာမှာ အချိုးကျမည်။

အဲဒါကြောင့် ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးနှင့် ဝေဖန်ပြီး ကိုယ့်စရိုက် နှင့်ညီသော ကမ္မဋ္ဌာန်းကို ရွေးနိုင်ရန် အောက်ပါပုံစံကို ကြည့်ကြပါစို့။

http://www.dhammadownload.com

# (ခန္ဓာ ငါးပါးကို သတိပဋ္ဌာန် နှင့် ဝေဖန်ခြင်း)




(၁) ကိလေသာထူ ဉာဏ်နုံ့သူ ကာယနုပဿနာရှု။
(၂) ကိလေသာများပြီး ဉာဏ်ထက်ရင် ဝေဒနာနုပဿနာရှု။
(၃) ဒိဋ္ဌိများပြီး ဉာဏ်နုံ့ရင် စိတ္တာနုပဿနာရှု။
(၄) ကိလေသာပါးပြီး ဉာဏ်ထက်သောသူ (သစ္စာရှု) ဓမ္မာနုပဿနာ။

ဘာရှုရှု သစ္စာမှာ လမ်းဆုံးရမယ်။ ဝိပဿနာဆိုတာ ခန္ဓာစွန့်၊ ကိလေသာစွန့်၊ ဝိပဿနာ ဘုရား ဘယ်မှာဟောသလဲလို့ မေးကြရင် တရားဂုဏ်တော် ၆ ပါးမှာ ကြည့်လို့ပြောကြပါ။ မှန်အကြည်တွေမှာ ပေါ်လာတဲ့တရားတွေကို ဉာဏ်နှင့် ယှဉ်ကြည့်ရင် ဖောက်ပြန်နေတာပဲ တွေ့ရမည်။ ထိုအချိန်မှာ လောဘ၊ ဒေါသ၊ မောဟ ကင်းစင်နေပါသည်။ ကိုယ်တော်ကြီးရှာရတာ လေးသချေ်နှင့် ကမ္ဘာတစ်သိန်းပါ။ ကိလေသာချုပ်တာ အကာလိကောပဲ၊ သူက ခေါ်ခေါ်ပျောက်ပျောက် ရှုဉာဏ်နဲ့ သွားရင် မူလတရားမရှိဘဲ နောက်အစားထိုးတာ ပြောတယ်။ အာရုံ၊ ဒွါရ တိုက်တိုင်း တိုက်တိုင်း ပေါ်လာတဲ့တရားကို ပိုမသိနဲ့၊ ရှာမရှုနဲ့၊ ကြိုမသိနဲ့၊ သူဆွဲဆောင်တဲ့ အတိုင်း ရှုပေးပါ။ သူက ဖြစ်ပြီးပျောက်နေတာ ဆေးကုချိန်မရဘူး။ ဆေးကုလို့ကော ပျောက်ရဲ့လား။ ဒါ့ကြောင့် အရှုခံခေါ်ရာကို မဂ်ဉာဏ်နဲ့ လိုက်ပေးပါ။ ပေါ်ရာလိုက်ရင် သစ္စာလေးပါး ပေါ်လာသည်။ အသေကို ကြည့်ရမှာ အရှင်လိုက်ရမှာ မဟုတ်ပါဘူး။

http://www.dhammadownload.com

# ပရိညာသုံးပါး

ပထမဆရာကောင်းထံမှ၊ သုညတတရားနာပါ၊ သင်ကြားပါ။

ဉာတပရိညာ

ဆရာ့တာဝန်

ဒိဋ္ဌိသုံးမျိုးကိုဆရာသင်ပြ၍အသိပြုက်ခြင်းသည်။

ဉာတပရိညာ

တစ်ဘဝ နှစ်ဘဝ အပါယ်မလား။

ဒုတိယဆရာကောင်းပြသောတရားများကြားနာပြီးမှပွားများအားထုတ်ပါ။

တီရဏပရိညာ

ယောဂီတာဝန်

ဒိဋ္ဌိသုံးမျိုးကိုသိပြီးမှ၊ ပွားများနေချိန်သည်။

တီရဏပရိညာ

ပွားများတုန်းသေ ဒုတိယဘဝနတ် သောတာပန်ဖြစ်မည်။

တတိယအမြင်မှန် အကြံကောင်းရ၍ ဆိုင်ရာကိလေသာကို မဂ်ကပယ်လိမ့်မည်

ပဟာနပရိညာ

မဂ္ဂတာဝန်

မဂ္ဂင်ငါးပါးရင့်၍ ရှစ်ပါးပြည့်ခြင်းသည်။

ပဟာနပရိညာ

ယခုဘဝတွင်နိဗ္ဗာန်မြင်၍သောတာပန်တည်မည်။

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဩဝါဒ

၁။ ရှေးဦးစွာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင်လုပ်ပါ။

၂။ တရားအားထုတ်လိုသူများ ပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်ကို သိအောင်လုပ်ပါ။

၃။ ပဋိစ္စသမုပ္ပါဒ်ကို မသိဘဲနှင့် တရားကျင့်ကြံ အားထုတ်ခြင်းသည် ပင်ပန်းရုံပဲ မှတ်ပါ။

၄။ ပဋိစ္စသမုပ္ပါဒ် သိမှသာလျှင် အရှိနှင့် အသိ ကိုက်မည်။ အရှိနှင့် အသိ ကိုက်မှ ဟုတ်တိုင်းမှန်စွာ မြင်မည်။

၅။ ခန္ဓာပေါ်မှာ ပေါ်လာတဲ့တရားနဲ့ ဉာဏ်နှင့် မကွာပါစေနှင့်။

၆။ နိဗ္ဗာန် နားလည်ချင်ရင် ဒိဋ္ဌိကို နားလည်ရမည်။ ပဋိစ္စသမုပ္ပါဒ် သဘော မကျရင် နိဗ္ဗာန် သဘောမကျပါ။

၇။ ဝိပဿနာ အလုပ်သည်၊ နိဗ္ဗာန်ရောက်ကြောင်း အနီးကပ်ဆုံး အလုပ်ပဲ။ ဝိပဿနာ ဉာဏ်ရင့်မှ မဂ်ဉာဏ်ရမည်။ ၎င်းမဂ်ဉာဏ်သည် နိဗ္ဗာန်မြင်တဲ့ ဉာဏ်ပဲ။

၈။ ဝိပဿနာ နည်းမှန် – လမ်းမှန် အလုပ်လုပ်နေသူသည်၊ နိဗ္ဗာန်ရောက်မှ ရောက်ပါ့မလားလို့ သံသယမရှိကြနဲ့၊ ဝိပဿနာက အကြောင်း၊ မဂ်ဉာဏ် ကအကျိုးပါ။

၉။ ဝိပဿနာဉာဏ်သည် မိမိမှန်အကြည် ၆ – ချက်ပေါ်၌ အာရုံဒွါရ တိုက်တိုင်း တိုက်တိုင်း ဖြစ်ပေါ်လာသော တရားများ၏ ဖြစ်တာနှင့် ပျက်တာကို စောင့်ကြည့် တဲ့ဉာဏ်ပဲ။ ဒါမလုပ်မီ ရှေ့အဖို့ ဒိဋ္ဌိဖြုတ်ရဦးမည်။ မမေ့ပါနှင့်။ ဒိဋ္ဌိသည်လည်း အရမ်းဖြုတ်လို့ မရပါ။ သူ့ဖြုတ်မည်ကြံရင် ခန္ဓာ ပဋိစ္စသမုပ္ပါဒ် ပထမ နားလည်ထားရမည်။

(ယခု ပစ္စုပ္ပန်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် နားလည်ထားမှ ဒိဋ္ဌိပြုတ်မယ်။)

၁၀။ ဝိပဿနာဉာဏ်က ရုပ်နာမ်ဓမ္မတွေ ပေါ်မှန်းသိရင် (သက္ကာယဒိဋ္ဌိပြုတ်) ဒါပေါ်ရင် ခန္ဓာငါးပါး ပေါ်တယ်။ နာမ်ရုပ်ပဲ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်ပဲ။ ဒါဟာ ပဋိစ္စသမုပ္ပါဒ် နည်းပဲ။ " တွေးပေါ်လာတာ ကျား ၊ မ မဟုတ် " ဓမ္မအစဉ်တွေပဲ။ ( မြင်စိတ်၊ ကြားစိတ် အစရှိသည်တို့ကို ပေါ်လာတာ ၂၄ ဓမ္မ အစဉ်အတိုင်း ပေါ်လာတာပဲ။ ) ၎င်းတို့ကို အမှန်အတိုင်း

http://www.dhammadownload.com

သိရင် သက္ကာယ ဒိဋ္ဌိပြုတ်။ ဒီတရားကလေးဟာ မမြဲလို့ ပျက်သွားတာ သိရင် သဿတဒိဋ္ဌိပြုတ်။ နောက် တရားတစ်ခု အစားထိုးမှန်းသိရင် ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်။ ဒါ သိမှုပြောတာ၊ ရှုမှုက ပေါ်ရာရှုပါ။ ဒိဒိဋ္ဌိသုံးခုကို ပထမ အသိနှင့် မဖြုတ်ဘဲဝိပဿနာ အားထုတ်နေရင် အားနည်းတဲ့ (ဒုဗ္ဗလ) ဝိပဿနာ ဖြစ်နေ၍ မဂ်ဉာဏ် မရနိုင်ပါ။ ဒိဋ္ဌိသုံးမျိုးကို ၎င်းသိနဲ့ ဖြုတ်ပြီး ဝိပဿနာ အားထုတ်ရင် အားကြီးတဲ့ (ဗလဝ) ဝိပဿနာ ဖြစ်သောကြောင့် မဂ်ဉာဏ်ကို ကောင်းစွာရနိုင်ပါသည်။

မိုးကုတ်မြို့မှာ ဆရာတော်ကြီး ဝါတွင်း ၃ - လ တရားဟောပြီး၍ တရားပွဲသိမ်းသောအချိန်တွင် ဟောပြောအားပေးလေ့ရှိသော လက်ဆောင်။

## လင်္ကာဆောင်ပုဒ်

လက်ရှိခန္ဓာ၊ မတွယ်တာနှင့်၊ နောင်လာဘဝ၊ မတောင့်တဘဲ၊ ကြောင့်ကြစွဲဖြင့် အမြဲမပြတ်၊ ဝိပဿနာ၊ လေ့လာကြိမ်ဖန်၊ အာစိဏ္ဏကံ၊ ဖြစ်ကြောင်းမှန်မူ၊ ထိုသည့်သူကား၊ အယူမလွဲ၊ ကတိမြဲ၏။

မီးလောင်စွဲမှု၊ ရေကိုတ,သော်၊ မရဖြစ်အင်၊ ပုံနှိုင်းယှဉ်၍၊ မဂ္ဂင်သန္ဓေ၊ တည်မြဲနေအောင်၊ မသေခင်က၊ ပြင်ဆင်တောက်လျှောက်၊ မေ့မပျောက်နှင့်၊ ချွေးပေါက်ယိုစီး၊ သေခါနီးဝယ်၊ အပြီးမုချ၊ မဂ္ဂင်ရလိမ့်၊ ကိစ္စမလျော့၊ အကြောင်းပေါ်၍၊ မတော်တဆ၊ မဂ်မရဦး၊ ဘဝအမွန်၊ တမလွန်တွင်၊ ထူးချွန်အံ့လောက်၊ နတ်ပြည်ရောက်၍၊ မဖောက်မပြန်၊ သောတာပန်စစ်၊ ဧကန်ဖြစ်မည်၊ မလစ် ဝိပဿနာ အကျိုးပေးတည်း။

## အဝိဇ္ဇာ အဖုံး ၅ ချက်

၁။ ကမ္မဿကတဉာဏ် ပေါ်မှာ ဖုံးတယ်။
၂။ နာမရူပ ပရိစ္ဆေဒဉာဏ် ပေါ်မှာ ဖုံးတယ်။
၃။ ပစ္စယ ပရိဂ္ဂဟဉာဏ် ပေါ်မှာ ဖုံးတယ်။
၄။ ဖြစ်ပျက်သိတဲ့ဉာဏ် ပေါ်မှာ ဖုံးတယ်။
၅။ မဂ်ဉာဏ် ပေါ်မှာ ဖုံးတယ်။

http://www.dhammadownload.com

## ဒုစရိုက် တရားများ

ပုဂ္ဂိုလ်တစ်ယောက်သည် ကိုယ်၊ နှုတ်၊ စိတ် သုံးပါးဖြင့် ကျူးလွန်ရန် အတွက် အကုသိုလ် ဒုစရိုက်များစွာ ရှိလေသည်။

### ကိုယ်ဖြင့် ကျူးလွန်သော ဒုစရိုက်များမှာ

၁။ သူတစ်ပါး အသက်ကိုသတ်ခြင်း (ပါဏာတိပါတကံ)
၂။ သူတစ်ပါး ဥစ္စာ ခိုးယူခြင်း (အဒိန္နာဒါနကံ)
၃။ သူတစ်ပါး သားမယားပြစ်မှားခြင်း (ကာမေသုမိစ္ဆာစာရကံ) နှင့် သေရည် သေရက်သောက်ခြင်းများ ဖြစ်ပါသည်။

### နှုတ်ဖြင့်ပြစ်မှားသော ဒုစရိုက်များမှာ

၁။ လိမ်လည်ပြောဆိုခြင်း (မုသာဝါဒ)
၂။ ကုန်းတိုက်စကားဆိုခြင်း (ပိသုဏဝါစာ)
၃။ ကြမ်းတမ်းညစ်ညမ်းသော စကားဆိုခြင်း (ဖရုသဝါစာ)
၄။ အချည်းနှီး ပြိန်ဖျင်းသောစကားပြောဆိုခြင်း (သမ္ဖပ္ပလာပဝါစာ) များဖြစ်ပါသည်။

### စိတ်ဖြင့် ကျူးလွန်သော ဒုစရိုက်တရားများမှာ

၁။ အခြားလူများ၏ စည်းစိမ်ချမ်းသာကို မိမိစည်းစိမ်ဖြစ်ရန် ကြံစည်ခြင်း (အဘိဇ္ဈာ)
၂။ သူတစ်ပါး ပျက်စီး ဆုံးရှုံးစေရန် ကြံစည်ခြင်း (ဗျာပါဒ)
၃။ အယူလွဲမှားခြင်း (မိစ္ဆာဒိဋ္ဌိ) တို့ပင် ဖြစ်လေသည်။

ဤအကုသိုလ် ဒုစရိုက်များအားလုံးကို ရှောင်ကြဉ်ခြင်းသည် မူလအစ အခြေခံ သီလကျင့်စဉ်ပင် ဖြစ်ပါသည်။ သီလကျင့်စဉ် ပြည့်စုံသော အခါ မိမိ၏ စက္ခုစသော ဒွါရ ၆ – ပါးကို ကာမဂုဏ် အာရုံနယ်၏ ဆွဲငင်ရာသို့ မပါအောင် ထိန်းသိမ်း စောင့်ရှောက်၍ ရုပ်နာမ် ဓမ္မ သင်္ခါရ တို့၏ ဖြစ်ပျက်အစဉ်ကို ရှုရမည်။

http://www.dhammadownload.com

# အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားဆုံးမတော်မူသော

## တရား အတုက တရား အစစ်ကို ဖျက်ဆီးပုံ

တရားအားထုတ်ကြကုန်သော ယောဂီများအား ကြိုတင်သိရှိ နားလည်ထား စေလိုသော စေတနာဖြင့် အဓိဂမပ္ပဋိရူပက၊ အဓိဂမ ဆိုတာက မရှုဘဲနှင့် ရတယ်လို့ ထင်တာ၊ ပဋိရူပက, က အလားတူ မဂ်မရဘဲနဲ့ ရပြီထင်တတ်တဲ့ သဘောကို ရှင်းပြပုံများ ...

### တရားအတုဟု ဆိုအပ်သည့် အန္တရာယ် ၁၀ – ပါး

၁။ ဩဘာသ ... အရောင် အလင်း၊
၂။ ပီတိ ... နှစ်သက်ခြင်း၊
၃။ ပဿဒ္ဓိ ... ကိုယ်စိတ် ငြိမ်းခြင်း၊
၄။ အဓိမောက္ခ ... သဒ္ဓါ ယုံကြည်ခြင်း၊
၅။ ပဂ္ဂဟ ... ထောက်ပံ့ နိုင်စေခြင်း၊
၆။ သုခ ... ချမ်းသာခြင်း၊
၇။ ဉာဏ ... အလွန်နှစ်သက်သော ဝိပဿနာဉာဏ်၊
၈။ ဥပဋ္ဌာန ... ကြာမြင့်စွာက အမှုကို ထင်မြင်နိုင်ခြင်း၊
၉။ ဥပေက္ခာ ... လျစ်လျူ ရှုခြင်း၊
၁၀။ နိကန္တိ ... ဉာဏ်ကိုးပါး၌ နှစ်သက်ခြင်း၊

### (၁) အန္တရာယ် ၁၀ – ပါး လင်္ကာ

အရောင်နှစ်သက်၊ ငြိမ်းလျက်စိတ်ကို၊ ယုံကြည်ပိုကာ၊ ဝီရိယာနှင့်၊ ချမ်းသာ ထက်ဉာဏ်၊ သတိသန်မူ၊ လျစ်လျူရှုလျှင်၊ ကိုးခုတပ်မက်၊ တစ်ချက်ချက်တွင်၊ မပျက်ပေါ်ရ၊ ဤဘာ၀၊ မှတ်ကြအန္တရာယ်။

### (၂) အကဲဖြတ် လင်္ကာ

ဖြစ်ပျက်မြင်ကာ၊ ၀မ်းသာနှစ်သက်၊ အရောင်ထွက်၍ ကြက်သီးထစွာ၊ ကြုံတွေ့လာ၊ မဂ္ဂါမဝေးမှတ်။

### (၃) ဓမ္မပဒ ပါဠိတော်

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ။

ယတော ယတော –အကြင်ကြင် အချင်းအရာအားဖြင့်၊ (ဝါ) အကြင်အကြင် သို့သောအခါ၌၊ ခန္ဓာနံ–ခန္ဓာ ငါးပါးတို့၏၊ ဥဒယဗ္ဗယံ – ဖြစ်ခြင်း ပျက်ခြင်းကို၊ သမ္မသတိ – သုံးသပ်၏။ တတော တတော–ထိုထို အခြင်းအရာအားဖြင့် (ဝါ) ထိုထို သို့သောအခါ၌၊ ပီတိပါမောဇ္ဇံ–နှစ်သက်ဝမ်းမြောက်ခြင်းကို၊ လဘတိ–ရ၏။ တံ–ထိုနှစ်သက်ခြင်းသည်၊ ဝိဇာနတံ–ပညာရှိတို့အား၊ အမတံ–နိဗ္ဗာန်ပင်တည်း။ (ဝါ) နိဗ္ဗာန်သို့ ရောက်ကြောင်းတည်း။

(၄) ဩဘာသေ စေဝ ဉာဏေစ၊ ပီတိယာစ ဝိကမ္ပတိ။
ပဿဒ္ဓိယာ သုခေနစ၊ အဓိမောက္ခေစ ပဂ္ဂဟေ။
ဥပဋ္ဌာနေစ ကမ္ပတိ၊ တတြမဇ္ဈတ္တာ နိကန္တိ။

၁။ ဩဘာ သေစေဝ–ခန္ဓာကိုယ်က ဖြစ်ပျက်အားထုတ်ရင်း မတ္တနဲ့ ဥဒယဗ္ဗယဉာဏ် က ရင့်သန်လာတော့ အရောင်အဆင်းတွေ ထွက်တာကို ငါ မဂ်ရပြီ ဆိုပြီး မရပ် လိုက်နဲ့ ဆက်၍ ရှုပေးပါ ယောဂီ။

၂။ ဉာဏေစ–ဖြစ်ပျက်မြင်တဲ့ ဉာဏ်သည် ဘယ်လိုပဲ ကြည်လင် ကြည်လင် ငါ မဂ်စစ် ဝင်လာပြီလို့ မထင်လိုက်ပါနဲ့၊ ဝိပဿနာ မဂ်သာဖြစ်ပါသေးသည်။ ယောဂီ ဆက်ရှုပါ။

၃။ ပီတိယာစ–အားထုတ်ရင်း နှစ်သက်လာတဲ့ စိတ်ကလေး ခန္ဓာကိုယ်ကြီးများ ကြွ တက်သွားမတတ် ပေါ့ပါးလိုက်တာနဲ့လည်း ဖြစ်ပျက်မြင်တုန်း ပေါ်လာတာမို့ အထင်မကြီးလိုက်ပါနဲ့ ဆက်ပြီးရှုပေးပါ။

၄။ ပဿဒ္ဓိယာ–အားထုတ်ရင်း ကိုယ်ငြိမ်း စိတ်ငြိမ်း ဖြစ်သွားရုံနဲ့လည်း မဂ်စစ် မထင်လိုက်ပါနဲ့၊ ဖြစ်ပျက်ပေါ်လာတာမို့ မဂ်တုဟု မှတ်လိုက်ပြီး ဆက်ရှုပေးပါ။

၅။ သုခေနစ–သုခတဲ့၊ တစ်ခါတလေကျတော့ ကိုယ်ထဲရော စိတ်ထဲရော ချမ်းသာ ပြီးနေလိုက်တာ အင်မတန်ချမ်းသာတဲ့သဘော ဝင်လာတဲ့အခါ ဒါဟာမဂ်ရလို့သာ ချမ်းသာတာပဲလို့ တင်တတ်တယ်။ ယောဂီဆက်ရှုပါ။

၆။ အဓိမောက္ခေစ–ဆိုတာ ဆုံးဖြတ်ချက်ချတာ၊ ဘုရားအပေါ်မှာ ယုံကြည်လိုက်တာ ဘယ်လို ကြည်ညိုနည်းနဲ့ ကြည်ညိုမှန်းမသိဘူး၊ ဖြစ်ပျက်မြင်တုန်း ယုံကြည်တဲ့ သဒ္ဓါက ဆုံးဖြတ်ချက် ချလိုက်တာ အကြီးအကျယ် လာတတ်တယ်။ မဂ်စစ် ဝင်လာပြီ မထင်လိုက်ပါနဲ့ ယောဂီ ဆက်ရှုပါ။

http://www.dhammadownload.com

၇။ ပဂ္ဂဟော ဆိုတဲ့ ဝီရိယကလည်း ရှေးဝီရိယနဲ့ ဖြစ်ပျက်မြင်တဲ့ ဉာဏ်နေရာမှာ အားထုတ်နေရတဲ့ ဝီရိယကလည်း မြန်မြန်ဆန်ဆန်ရှင်းပြီး ဝင်လာတတ်တယ်။ မဂ်စစ် မထင်လိုက်ပါနဲ့၊ ဆက်ရှုပါ။

၈။ ဥပဋ္ဌာနေစ – ဆိုတဲ့ သတိတရားကလည်း၊ ဖြစ်ပျက်တွေ ရှုနေတဲ့ သတိကလည်း အရင်က သတိမျိုး မဟုတ်ဘူး၊ နဲနဲမှ မလွတ်တဲ့ သတိတွေ ဖျတ်ခနဲ ဖျတ်ခနဲ လာလိုက်တာ မဂ်ဉာဏ်မို့ ဒါလောက်ထက်တာပဲလို့ ကိုယ့်စိတ်မှာ ထင်သွားတတ်တယ်။ မဂ်စစ် မဟုတ်သေးပါဘူး။ ဆက်ပြီးရှုပေးပါ။

၉။ တတြမဇ္ဈတ္တတာ – ဆိုတဲ့ ဥပေက္ခာသဘော ပေါ်လာတတ်တယ်။ ဖြစ်ပျက်ကလေးတွေ ကိုယ့်စိတ်ထဲမှာ တန်းတန်းပြီးသကာသ သာယာပြစ်မှားခြင်းကင်းတဲ့ ဒေါသလည်း မလာဘူး၊ လျစ်လျူရှုတဲ့သဘောကို မဂ်စစ်ထင်ပြီး အလုပ်ကို ရပ်မပြစ်လိုက် ပါနှင့် မဂ်တုဝင်တာပါ၊ ဆက်ပြီးရှုပါ။

၁၀။ နိကန္တိ – ဆိုတာလည်း လာသေးတယ်၊ ဒီလိုလာတာဟာ နှစ်သက်တဲ့တဏှာ လာတာပဲ။ ငါ့အရောင်ပဲလို့ နှစ်သက်လိုက်တယ်။ နှစ်သက်တာဟာ မဂ် အန္တရာယ်ပါပဲ။ အဲဒီတော့ ဒီဆယ်ခုလာတိုင်း လာတိုင်း ဂရုမစိုက်နဲ့၊ ကိုယ့် ဖြစ်ပျက်မပျောက်အောင် သတိထားပါ၊ ဂရုမစိုက်ပါနဲ့။ ဥဒယဗ္ဗယတွင် မဂ်ရပြီ ထင်တတ်၏၊ မဟုတ်သေး ပါ၊ ဆက်ရှုပါ ယောဂီ။ တရားထိုင်သူမှန်ရင် ဒီဆယ်ခု တခုခု လာမှာပဲ၊ မလာရင်လည်း မမှန်ဘူး၊ လာပြန်ရင်လည်း ဖယ်ရှားတတ်မှ အထက် မဂ်ကို ရမယ်လို့ မှတ်ပါ။ ဒီ ဖြစ်ပျက်ကနေပြီး သူတို့ဆယ်ခုထဲမှာ ဘာလာနေနေ အရောင်လာလာ၊ ပီတိလာလာ၊ လာချင်တာလာပါစေ၊ ယောဂီတို့က ဂရုမစိုက်ပါနဲ့။ ကိုယ့် ဖြစ်ပျက်နဲ့သာနေပြီး ဆက်ရှုပါ၊ ကိလေသာ ကြားမခိုအောင် ကြိုးစားပြီးဖယ်ပါ။ (သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ ဖယ်ရှားပေးပါ၊ ကာလကို မလွန်ပါစေနဲ့။)

## ဉာဏ်စဉ် ၁၀ – ပါး

(၁) သမ္မသနဉာဏ် နှင့် ခန္ဓာကိုယ်ကို သုံးသပ်လိုက်တဲ့ အခါကျတော့ (၂) ဥဒယဗ္ဗယ ဖြစ်ပျက်မြင်၍၊ (၃) ဘင် ဆိုတဲ့ အဖြစ်အပျက်တွေချည်း မြင်ပြန်လည်း ကောင်းတာပဲ။ ဒါတွေဟာ (၄) ဘယ ဘေးတွေပဲလို့ ထင်ယင်လည်း ကောင်းတာပဲ။

http://www.dhammadownload.com

(၅) အာဒီနဝ ဆိုတဲ့ အပြစ်ထင်လာရင် ကောင်းတာပဲ။ (၆) နိဗ္ဗိန္ဒ ဆိုတဲ့ ငြီးငွေ့သဘော လာရင်လည်း ကောင်းတာပဲ။ (၇) မုစ္စိတုကမျတာ ဆိုတဲ့ ကျွတ်လိုလွတ်လိုတဲ့စိတ် ပေါ်လာရင်လည်း ကောင်းတာပဲ။

(၈) ပဋိသင်္ခါ ဆိုတဲ့ ကျွတ်လွတ်ရန် တဖန်ဆင်ခြင်ပြန်ရင်လဲ ကောင်းတာပဲ။

(၉) သင်္ခါရုပေက္ခာ ဆိုတဲ့သာယာနှစ်သက်ခြင်း စွန့်၍ လျစ်လျူရှုနေပြန်ရင်လည်း ကောင်းတာပဲ။

(၁၀) အနုလောမ ဆိုတဲ့ လောကုတ္တရာဘက်သို့ ရောက်ခါနီး မဂ်နှင့်လျော်ကန်သော ဖြစ်ပျက်ဆုံးတဲ့ သစ္စာမြင်ပြီး သင်္ကာလ ဒါတွေဟာသစ္စာတွေပဲဆိုပြီး ဆုံးသွားတဲ့အဆုံးကျမှသာလျှင် မဂ်စစ်ပဲ။

ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် ပိုင်းခြားပြီး သင်္ကာလ၊ ဖျတ်ဆို ချုပ်သွားတဲ့ အဆုံးကျမှသာလျှင် မဂ်စစ်က ကေန် တွေ့နိုင်ပါတယ်။

ဉာဏ်စဉ် ဉာဏ်စဉ် နှင့် ပြောသော်ငြားလည်း ဆရာက မှန်းပြောခြင်းသာ ဖြစ်ပါတယ်။ အားထုတ်တဲ့ ယောဂီကသာလျှင် ကိုယ်တွေ့ ဉာဏ်မြင် အစစ်အမှန်နှင့် ငါ ဘယ်လိုမြင်လို့ ဘယ်ဉာဏ် ရောက်နေပြီဆိုတာ ကေန် သိမြင်သူ အချို့ကသာ ပြောနိုင်ပါတယ်။ ဘေးကဆိုတာကတော့ ဘုရားရဟန္တာတို့ရဲ့ အံရာမို့ အလုံးစုံ သိနိုင်ကြမှာ မဟုတ်ပါဘူး။ ဉာဏ်စဉ်နှင့်ဆိုင်ရာများကို ...

၁။ ပဋိသမ္ဘိဒါ မဂ်ကျတော့ အရှင် သာရိပုတ္တရာက တဆယ့်ခြောက်ဉာဏ် ဟောပါတယ်။

၂။ ဘုရားက ဝိပဿနာဉာဏ်ကျတော့ ဆယ်ဉာဏ်ဟောပါတယ်။

၃။ အနတ္တလက္ခဏာသုတ်မှာ သုံးဉာဏ် ဟောပြီး သုသိမ ပရိဗိုဇ် ကျတော့ နှစ်ဉာဏ်ပဲ ဟောပါတယ်။

၁။ သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်္ဂဆိုတာ ' ယထာဘူတဉာဏ် ' ပါပဲ။

၂။ ဘယ၊ အာဒီနဝ၊ နိဗ္ဗိန္ဒ ဆိုတာ ' နိဗ္ဗိန္ဒဉာဏ် ' ပါပဲ။

၃။ မုစ္စိတုကမျတာ၊ ပဋိသင်္ခါ၊ သင်္ခါရုပေက္ခာ၊ အနုလောမဆိုတာ ' မဂ်ဉာဏ် ' ပါပဲ။

လိုရင်းအတိုချုံးလိုက်တော့ ဒီသုံးဉာဏ်ထဲ အကုန်ဝင်သွားတာပါပဲ။

http://www.dhammadownload.com

## ဝိပဿနာဉာဏ် ၁၀–ပါး အတိုချုံးပုံမှာ

| ဝိပဿနာဉာဏ် ၁၀–ပါး | ဉာဏ် ၃–ပါးကား | ဉာဏ် ၂–ပါးကား | |
|---|---|---|---|
| ၁။ သမ္မသနဉာဏ် | (က) ယထာဘူတဉာဏ် | ၁။ ဝိပဿနာဉာဏ် | နိဗ္ဗာန် |
| ၂။ ဥဒယဗ္ဗယဉာဏ် | | | |
| ၃။ ဘင်္ဂဉာဏ် | | | |
| ၄။ ဘယဉာဏ် | (ခ) နိဗ္ဗိန္ဒဉာဏ် | | |
| ၅။ အာဒီနဝဉာဏ် | | | |
| ၆။ နိဗ္ဗိန္ဒဉာဏ် | | | |
| ၇။ မုစ္စိတုကမျတာဉာဏ် | (ဂ) မဂ်ဉာဏ် | ၂။ မဂ်ဉာဏ် | |
| ၈။ ပဋိသင်္ခါဉာဏ် | | | |
| ၉။ သင်္ခါရုပေက္ခာဉာဏ် | | | |
| ၁၀။ အနုလောမဉာဏ် | | | |

အကြောင်းတရားဉာဏ်များရှင်းပြီး အကျိုးတရားရှင်းလင်းစွာ မြင်နိုင်ကြပါစေ။

## အဘိညာဉ် ၆ – ပါး

### ဆဠာဘိညာ

၁။ ဣဒ္ဓိဝိဓအဘိညာဉ် ... တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်ခြင်း။

၂။ ဒိဗ္ဗသောတအဘိညာဉ် ... နတ်တို့နားကဲ့သို့ ဝေးသောအသံ၊ တိုးတိုးပြောသံကို ကြားနိုင်ခြင်း။

၃။ စေတောပရိယအဘိညာဉ် ... သူတစ်ပါး၏စိတ်ကို သိနိုင်ခြင်း။

၄။ ပုဗ္ဗေနိဝါသအဘိညာဉ် ... ရှေးရှေးဘဝများစွာ၌ ဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ခြင်း။

၅။ ဒိဗ္ဗစက္ခုအဘိညာဉ် ... နတ်တို့မျက်စိကဲ့သို့ ဝေးသောအဆင်း၊ သေးငယ်သောအဆင်းကို မြင်နိုင်ခြင်း။

http://www.dhammadownload.com

၆။ အာသဝက္ခယအဘိညာဉ် ... အာသဝေါတရား ကုန်ခန်းစေနိုင်ခြင်း။
(မဇ္ဈိမပဏ္ဏာသပါဠိတော်နှင့်ရင်းအဋ္ဌကထာ)

ပုဂ္ဂိုလ် ၄ – မျိုး

(၁) ဥဂ္ဃဋိတညူ ... ဘုရားရှင်နှင့်တွေ့၍ တစ်ခုသောတရားကိုဟောရာ အကျဉ်း ဥဒ္ဒေသစကား၏ အဆုံး၌ မဂ်ဖိုလ်ကို ရနိုင်သူ။

(၂) ဝိပဉ္စိတညူ ... အကျဉ်းဟောကာမျှဖြင့် မဂ်ဖိုလ်ကိုမရဘဲ အကျယ်ဟောမှ မဂ်ဖိုလ်ရနိုင်သူ။

(၃) နေယျ ... အကျဉ်းအကျယ်အားဖြင့် ဟောသော်လည်း မဂ်ဖိုလ်မရဘဲ ဘုရားဟောတော်မူသည့်အတိုင်း ကျင့်ကြံအားထုတ်မှ မဂ်ဖိုလ် ရ နိုင်သူ

(၄) ပဒပရမ ပရိယတ်၊ ပဋိပတ်တို့ကို မည်သို့ပင်အားထုတ်သော်လည်း ယခုဘဝ မဂ်ဖိုလ်မရနိုင်ပဲ ဝါသနာ ဘာဂီမျှသာ ရထိုက်သူ။
( အင်္ဂုတ္တိုရ်၊ စတုက္ကနိပါတ် )

## တရားနှင့်ပျော်ရန် အင်္ဂါ၊တန်

၁။ စာပေကိုသာ သင်ကြားနေသူသည် ပရိယတ္တိဗဟုလော တရားနှင့်မွေ့လျော် နေသူမဟုတ်။

၂။ သမထ ဝိပဿနာ တရားကိုသာ ဟောပြောနေသော ဓမ္မကထိက သည် ပညတ္တိဗဟုလောတရားနှင့် မွေ့လျော်သူမဟုတ်။

၃။ စာပေကိုသာ ရွတ်ဖတ် သရဇ္ဈာယ် နေသူသည် သဇ္ဈာယဗဟုလောတရားနှင့် ပျော်မွေ့သူမဟုတ်။

၄။ စာပေကိုသာ ကြံစည် စိတ်ကူး နေသူသည် ဝိတက္ကဗဟုလောတရားနှင့် မွေ့လျော်သူမဟုတ်။

၅။ မိမိကိုယ်တွင်း ကိလေသာငြိမ်းအေးရန် ကမ္မဋ္ဌာန်းတရား အားထုတ်နေသူ ဓမ္မပရိယတ္တိယာသာတရားနှင့် မွေ့လျော်သူ မည်၏။ ဤသို့ဟောတော်မူ ပြီးနောက်တရံတခါမျှ ဝိပဿနာတရားထူးကို ဟုတ်ဟုတ်ဟတ်ဟတ် အားမထုတ် ဘူးသူကို ရည်ရွယ်၍ ...

အိုသာဝကတို့ သေခါနီးအခါကျမှ ငါဖြင့် ကမ္မဋ္ဌာန်းတရား အားမထုတ်ခဲ့သေးပါ တကားဟု နောင်တ,တဖန် မပူပန်နှင့် ဤကား ငါဘုရား သီးခြားဟောချက်တည်း။ ဆုံးမချက်တည်းဟု ဝိပဿနာ ကမ္မဋ္ဌာန်းတရားနှင့် မွေ့လျော်ဖို့ရန် အတန်တန် ဂရုစိုက် မိန့်တော်မူခဲ့သည်ကို ထောက်လျှင် သီလ

http://www.dhammadownload.com

ဆောက်တည်မှု၊ သမထပွားများမှုထက် ဝိပဿနာပွားများမှုက သာလွန် အရေးကြီးကြောင်း သိရ၏။

( အင်္ဂုတ္တိုရ်၊ ပဉ္စကနိပါတ် – ၇၃ )

## သောတာပန်နှင့် ပုထုစဉ် ကွာခြားပုံ
## မဟာ ပစ္စဝေက္ခဏာ ၇–ချက်

ဒီနေ့တရားက ဒကာ–ဒကာမတွေ ဒုက္ခချုပ်အောင် လုပ်ပါဆိုတာ တိုက်တွန်းလိုက်တယ်နော်။ ဒုက္ခချုပ်တဲ့ ပုဂ္ဂိုလ်၏ စိတ်နေစိတ်ထား သဘောသွားကိုပြောမယ်။ ဒုက္ခလည်း ချုပ်အောင် လုပ်ကြပါ။ ကိုယ့်ဒုက္ခချုပ်တယ်၊ မချုပ်တယ်ဆိုတာကိုလည်း ယခုပြောမယ့် ၇–ချက် ကိုယ့်စိတ်ထဲမှာ ပေါ်လာလို့ရှိရင်ဖြင့် ဘယ်သူ့ကိုမှ မေးမနေနဲ့တော့၊ ဒါဟာ သောတာပန်တည်တယ်လို့ ဆုံးဖြတ်ချက်ချတော့ဟု ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောကြားခဲ့ပါတယ်ဟု မိုးကုတ်ဆရာတော်ဘုရားကြီးက တစ်ဆင့် ဖောက်သည်ချပြီး ဦးပဥ္စင်းတို့ ဒကာ–ဒကာမကြီးတို့ကို ဟောခဲ့ပါတယ်။ ဒါဖြင့် ဒီဥစ္စာ သောတာပန်နဲ့ပုထုဇဉ်တို့၏ စိတ်နေသဘောထား ထူးတာကို ဟောတဲ့ ကောသမ္ဗိယသုတ်လို့ မှတ်လိုက်စမ်းပါ။ ( မူလ ပဏ္ဏာသပါဠိတော် ကောသမ္ဗိယသုတ်လို့မှတ်ပါ )။

ဒကာ–ဒကာမအပေါင်းတို့၊ သောတာပန်တည်နေပေမယ့် တည်နေမှန်း သိချင်မှ သိမှာမို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သောတာပန်နဲ့ ပုထုဇဉ်တို့ ကွာခြားပုံကို အမျိုး ၇–ချက် ရှိတယ်လို့ ဟောကြားထားတာ ဖြစ်ပါတယ်။

ဒါဟာ ဘာကိုအကြောင်းပြုပြီး ဟောသလဲဆိုရင် ကောသမ္ဗီပြည် ရဟန်းအဓိကရုဏ်းကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ပလလဲတောသို့ ထွက်ပြီး ဝါဆိုရပါတယ်။ ပလလဲဆင်မင်းက ပြုစုနေရတယ်။ ပလလဲဆင်မင်းဟာ ရင့်မာ တစ်ကိုယ် အရိမေတ္တိယ အပါအဝင် ဘုရားအလောင်းတော်ပဲ။ ဒကာ–ဒကာမ အပေါင်းတို့၊ ကြည့်ကြစမ်းပါအုံးဗျာ၊ အဓိကရုဏ်းက ဘာမဟုတ်တဲ့ ကိစ္စလေးပဲ။ ကိစ္စက အဘိဓမ္မာနိုင်တဲ့ ရဟန်းတစ်ပါးက ကုဋီတက်တယ်၊ ကုဋီဆိုတာ သန့်စင်ရေ ဆိုတာပဲရှိတယ်။ ကျင်ကြီးသွားပြီးရင် ဆေးကြောရတယ်။ အဲဒီ အဘိဓမ္မာနိုင်တဲ့ ကိုယ်တော်က အဲဒီဆေးတဲ့ ခွက်ထဲမှာ ရေတစ်ဝက် ကျန်ခဲ့တယ်။ နောက် ဝိနည်းဆောင်ပုဂ္ဂိုလ်က ကုဋီတက်တဲ့အခါ ခွက်ထဲမှာ ရေကျန်နေတာတွေ့တယ်။

http://www.dhammadownload.com

အဲဒီရေကျန်တွေ့တော့ ဝိနည်းဆောင်ပုဂ္ဂိုလ်က အဘိဓမ္မာဆောင်ပုဂ္ဂိုလ်ကို အရှင်ဘုရား ခုနက ကုဋီတက်တယ် မဟုတ်လားဘုရား၊ အဘိဓမ္မာဆောင် ပုဂ္ဂိုလ်က ဟုတ်ပါတယ် ကိုယ်တော်၊ ဒါဖြင့် ရေခွက်ထဲမှာ ဘာဖြစ်လို့ ကိုယ်တော် ရေချန် ပစ်ခဲ့တာလဲ၊ အရှင်ဘုရား ဝိနည်းနားမလည်ဘူးလားဟု ရန်တွေ့တော့၊ အဘိဓမ္မာဆောင် ပုဂ္ဂိုလ်က သူတမင်တကာ ထားခဲ့တာ မဟုတ်ပါ၊ မေ့လို့ပါဟု ပြောသော်လည်း ကိုယ်တော် ဝိနည်းနားမလည်ဘူးဟု အချင်းများပါတော့သည်။ ဒီတော့ သူ့ဘက် ကိုယ့်ဘက် တပည့်တပန်းချင်း စကားများကြရာ အကြီးအကျယ် အဓိကရုဏ်းဖြစ်ပါတော့သည်။ ထိုအခါ ကိုယ်စောင့်နတ်ချင်းကွဲ၊ သူ့ဘက် ကိုယ့်ဘက် ကြည်ညိုကြတဲ့ နတ်ချင်းကွဲပြီး အချင်းများတဲ့ကိစ္စ ကြီးထွားလာရာ ဘုရား တားမြစ် ပါသော်လည်း နားမထောင်ကြ၍ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရဟန်းများနှင့် ခွဲခွာပြီး ပလလဲတော ကြွသွားရရှာတယ်။

## ပုထုဇဉ်နှင့် သောတာပန်ကွာခြားပုံ ၇ ချက် ဆိုတာ

၁။ ပုထုဇဉ်က ဖြစ်ကြောရှည်တယ်၊ သောတာန်က ဖြစ်ကြောတိုတယ်။ လောဘ ဒေါသ၊ မောဟ ထတိုင်းသိတာက (ဝါ) ပေါ်တိုင်းသိတာက သောတာပန် တို့၏အသိ။

၂။ အဲဒီလို ပေါ်ပေါ်လာတာ ချက်ချင်းသိလို့ သိတာနဲ့ တပြိုင်နက်တည်း ငြိမ်းအေးအောင် လုပ်နိုင်ခြင်းသည် သောတာပန်တို့၏အသိ။

၃။ ဤ ဘုရားသာသနာတော်မှတစ်ပါး အခြားသော သာသနာမှာ ထွက်ရပ်လမ်း မရှိဘူးလို့ သိနေတဲ့ အသိဟာလည်း သောတာပန်တို့၏ အသိပါပဲ။

၄။ ကိစ္စကြီးငယ်တွေ ရှိလာတဲ့အခါကျတော့ အလျင်အမြန်ကုသလိုတဲ့ စိတ်ရှိတယ်၊ ဥပမာ ... ကိုယ့်မှာ ကျူးလွန်ထားတဲ့ အပြစ်လေးတွေရှိနေတယ်။ မပယ်နိုင် သေးတဲ့ ကိလေသာ ထကြွ သောင်းကျန်းလာတဲ့အခါမှာ ချက်ချင်းပဲ ကုသ လိုစိတ် ဖြစ်ပေါ်လာတာလဲ သောတာပန်တို့၏ အသိပါပဲ။

၅။ ကိစ္စကြီးငယ်ရှိလို့ သူတစ်ပါးအတွက်ရုံးတို့၊ ဂါတ်တို့၊ လိုက်ရငြားသော်လည်း မိမိ သီလ၊ သမာဓိ၊ ပညာအပျက်မခံဘဲ လိုက်သွားခြင်းသည် သောတာပန် တို့၏ အသိပါပဲ။

F . 9

http://www.dhammadownload.com

၆။ မြတ်စွာဘုရား တရားဟောစဉ်၊ ဘုန်းကြီးများ တရားဟောစဉ်ဖြစ်စေ၊ စိတ်သည် အာရုံတစ်ပါးသို့ မသွားဘဲ သစ္စာတရားကို စူးစူးစိုက်စိုက် အနက်အဓိပ္ပါယ်သိပြီး သကာလ နာနေနိုင်ခြင်းသည် သောတာပန်တို့၏ တရားနာနည်းပဲ။

၇။ ဒီလို တရားနာပြီးနောက် ခန္ဓာဉာဏ်ရောက်တဲ့ တရားတွေပါလားလို့ ဝမ်းမြောက် ဝမ်းသာလို့မဆုံး ကြည်ညိုလို့မဆုံး၊ ကျေးဇူးတင်လို့မပြီး၊ ဒီလိုမပြီးတဲ့ သတ္တိ တွေဟာလဲ သောတာပန်တို့၏ သတ္တိပဲ။ ပုထုဇဉ် တို့ကတော့ပြီးရင် ပစ်လိုက်တာပဲ များပါတယ်။

## သောတာပန် ပဋိစ္စသမုပ္ပါဒ် ၁၀ မျိုး ပြတ်သည်

(၁) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ ( အပါယ်တံခါးပိတ်သည် )။

(၂) ကျိုး၊ ကန်း၊ ဆွံ့အ၊ ကုဋ္ဌနူနာ၊ ရူပ၊ အရူပ ( မဖြစ်ပါ )။

(၃) ဤဆယ်ကျိုးပ၊ ပဋိစ္စ၊ ပြတ်ကြ အသွယ်သွယ်။

(၄) သကဒါဂါမ်မှာ ရန့်ရင်းကြမ်းတမ်းမှုသာ ပို၍ ပယ်နိုင်ပါသည်။

## ဘဝဆိုတာ ပန်းပမာ

၁။ အဟောအနိစ္စ ... ဖူးပွင့်နွမ်းကြွေ၊ ပန်းအနေသို့၊ အရှည်မကြာ၊
... လဲကြွေကျစံမည်၊ မမြဲတဲ့ အနိစ္စ ပါတကား။

၂။ အဟောဒုက္ခ ... ဖူးပွင့်နေစဉ်၊ ပတ်ဝန်းကျင်မှ၊ နေ့စဉ်ဝိုင်းအုံ၊
... ရန်မျိုးစုံတို့၊ တွေ့ဆုံနှိပ်စက်၊ အခံခက်သည်၊
... သက်သက် ဒုက္ခပါတကား။

၃။ အဟောအနတ္တ ... ပွင့်လာတဲ့ပန်း၊ မညှိုးပန်းစေ၊ ဖြစ်လေခဲ့ပြန်၊
... သင့်ရှုပ်နာမ်ကို၊ ပျက်ရန်မရှယ်၊ သင်ကာကွယ်
... လည်း၊ တကယ်သင့်မှာ၊ မတတ်သာခဲ့၊ ပိုင်ရှင်
... မဲ့လည်း၊ တကယ့် အနတ္တ ပါတကား။

## သံသရာ ရှည်လျားပုံ

သံသာရေ ဓာယာဝ ပတိဝ အဘူတပုဗ္ဗာနာမ နတ္တိ။

သံသာရေ – အပြောကျယ်စွာသံသရာ၌၊ ဓာယာဝ – မယားသည်လည်းကောင်း၊ ပတိဝ – လင်သည်လည်းကောင်း၊ ပုတ္တဓိတရောဝ – သားသမီးသည် လည်းကောင်း၊ အဘူတ ပုဗ္ဗာနာမ – မဖြစ်သေးသောသူမည်သည်၊ နတ္တိ – မရှိ၊

http://www.dhammadownload.com

## သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ တရားများတွင်

(၁) သုတ္တန် – ကရုဏာ၊ ပညာ၂–ပါး ပြဋ္ဌာန်းသော တရားတော်ဖြစ်၏။ ၎င်းတရားတော်ကို ဘုရားဖြစ်ပြီး တရားဦး ဟောတော်မူသော အခါကစ၍ ဟောကြားတော်မူပါသည်။

(၂) ဝိနည်း – ကရုဏာပြဋ္ဌာန်းသော တရားတော်ဖြစ်သည်။ ထိုတရားတော်ကို ဝါတော် ၂၀–မှစ၍ ဟောကြားတော်မူပါသည်။

(၃) အဘိဓမ္မာ – ပညာပြဋ္ဌာန်းသော တရားတော်ဖြစ်သည်။ ထိုတရားတော်ကို ၇–ဝါမြောက်ချိန်မှ တာဝတိံသာ နတ်ပြည်တွင် မယ်တော် တော်ခဲ့ဖူးသော နတ်သားအား ဟောတော်မူသည်။

## ဥမ္မတ္တက သုတ္တန်

အနိစ္စံ ... နိစ္စသညာယ ဒိနေ ဒိနေ ဥမ္မာဒန္တိ။
ဒုက္ခံ ... သုခသညာယ ဒိနေ ဒိနေ ဥမ္မာဒန္တိ။
အနတ္တံ ... အတ္တသညာယ ဒိနေ ဒိနေ ဥမ္မာဒန္တိ။

၁။ အနိစ္စကို နိစ္စလို့ ထင်နေရင် နေ့တိုင်း နေ့တိုင်း အရူးထနေကြကုန်၏။
၂။ ဒုက္ခကို သုခလို့ ထင်နေရင် နေ့တိုင်း နေ့တိုင်း အရူးထနေကြကုန်၏။
၃။ အနတ္တကို အတ္တလို့ ထင်နေရင် နေ့တိုင်း နေ့တိုင်း အရူးထနေကြကုန်၏။

အမှန်မသိ၊ အမှားသိလာ၊ အဝိဇ္ဇာက၊ ချမ်းသာမှုတွင် တဏှာဝင်၍၊ လိုချင်စွဲသန်၊ ဥပါဒါန်ကြောင့်၊ ပြုကြသင်္ခါရ၊ ဝိညာဏနှင့်၊ နာမရူပ်၊ သဠာယတန၊ ဖဿဝေဒနာ၊ ၅–ဖြာဒုက္ခ၊ ရလာကြသည်၊ ဒုက္ခသစ္စာ၊ ရလာတာကို၊ အမှန်မမြင်၊ သူကထင်၍၊ လိုချင်စွဲလာ ဥပါဒါန်၊ ကမ္မဘဝ၊ ပြုကြသောအခါ၊ ဇာတိလာမည်၊ အိုနာသေရေး မဆုံးတည်း၊ စိုးရိမ်ငိုကြွေး မဆုံးတည်း။

## မှတ်သားဖွယ် သံဝေဂ တရားများ

၁။ ရှင်လျှင်ချစ်၊ သေလျှင်ပစ်၊ အနှစ်မပါ ဤခန္ဓာ။
၂။ ရုပ်နာမ်ဒုက္ခ၊ မုချမှန်တယ်၊ မုချသိမှ သမုဒယသေမယ်။
စင်ကြယ်သောခဏ နိရောဓ။

၃။ မဲ့သော၊ ပြုံးသော ၂ – ပါး ဘယ်လိုသေမှ ကောင်းမလဲ

သံသရာမှာ ဝေါ်ပြီးသေခဲ့ကြတယ်။ (ဝေါ်သေမသာ) အိမ်တွေတက်ကြည့်၊

ပြုံး၊ မဲ့၊ မှိုင်။

သမုတိနဲ့ ဝေဖန်။ ။ စိတ်တခဏဖြစ်၊ ခဏပျက်။

မရဏာ နုဿတိ က။ ။ ဝိပဿနာကို အားပေးတယ်။

သံဝေဂနဲ့ ပရမတ်ကွဲရမည်၊ ခဏခဏသေ၊ မွေးသေ၊ သိ၊ ဒိဋ္ဌိပြုတ်။

အပါယ်တံခါးပိတ်။ ။ ဝိစိကိစ္ဆာပြုတ်၊ သုဂတိ (မှ) နိဗ္ဗာန်။

တမဂ်တဖိုလ်မှ မရ၊ ထိုင်ငိုကြတော့။

သံသရာပြန်ကြည့်ပါ။ ။ မသိသုံးမျိုးနှင့် လာကြတယ်။ ဘယ်က လာသလဲကွယ်။

အနိစ္စဝတ သင်္ခါရာဆိုတာ အလုပ်ပေးတရား။

သင်္ခါရ – ဖြစ်၊ အနိစ္စ – ပျက်။ ။ အိုသေစခင်းတာ ပဋိလောမ ပြချင်လို့။

နိဗ္ဗာန်ကို ဆုတောင်းနှင့်မရပါ၊ သောတာပတ္တိမဂ် အောင်ရင် အိပ်နေရမှာပဲ။ အဓိ ( သီလ၊ စိတ္တ၊ ပညာ ) ဖြစ်ပြီး နံပါတ် (၁) အောင်ရင် အကုသိုလ် ဒုနဲ့ဒေးတွေ မင်းတို့ နေရစ်ကြတော့ဟေ့ပဲ။ ဗလာနှင့် ကိုယ်ပိုင် ဘယ်သင်းကြိုက်။ ဒါ့ကြောင့် ကြိုးကြားအလုပ်လုပ်နေရင် မအောင်မြင်ဘူး။ ဒုက္ခမရောက်ချင်ကြရင် ဝိပဿနာအလုပ်ကို သည်းသည်းမည်းမည်း ကြိုးစားကြပါ။

## ဘုရားထားခဲ့တဲ့ အမွေ ၂ – မျိုး

၁။ အာမိသ အမွေ။ ။ဆွမ်း၊ ကျောင်း၊ ဆေး၊ သင်္ကန်းစသည့် အလှူမျိုးနှင့် တမ်းတိမ်မနေကြနှင့် (ပရိယာယ်အမွေသာဖြစ်ပါတယ်)။

ဓမ္မ အမွေ။ ။ ကို ရအောင်ယူလိုက်ပါဟု မှာကြားခဲ့ပါသည်။ (မဂ်ဉာဏ် ဖိုလ်ဉာဏ်) မုချ အမွေ။

## မဂ်ကို ဘယ်သူ ပေးသနည်း

ကို ဘုရားကပေးသလား၊ တရားက ပေးသလား၊ ဘုရားက နည်းပဲ ပေးနိုင်ပါသည်၊ ဂ်နှစ်မျိုးရှိပါသည်။ ၅-ပါး နှင့် ၈-ပါ း။

မွန်မြတ်လှသည့် ဓမ္မအရသာ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။

http://www.dhammadownload.com

(၁) တရားအလှူသည် အလှူအားလုံးကို အောင်နိုင်စေ၏။

(၂) တရားအရသာသည် အရသာအားလုံးကို အောင်နိုင်စေ၏။

ဓမ္မပဒ ပါဠိတော်
တဏှာဝဂ်၊ သက္ကပဥှဝတ္ထု

## အတိတ်ကံဆိုတာ သမ္မပ္ပဓာန် ၄ – မျိုး

အတိတ်ကံဆိုတာ ဖျက်လို့လည်းရတယ်၊ ဆက်လို့လည်းရတယ်။ ဖျက်လို့ မရရင် ရဟန္တာတို့ နိဗ္ဗာန်တို့ မရှိနိုင်တော့ဘူး၊ ဗောဓိပက္ခိယတရား ၃၇ – မျိုးမှာ ဝီရိယ ပြဋ္ဌာန်းတဲ့ သမ္မပ္ပဓာန် ၄ မျိုးဆိုတာပါတယ်။ ဒီ ၄ မျိုးကို ဗမာလိုပြောပြမယ်။

(၁) ဖြစ်ပြီးခဲ့တဲ့ အကုသိုလ် မကောင်းမှုကံတွေကို ပပျောက်သွားအောင် အားထုတ်ရမယ်။

(၂) မဖြစ်သေးတဲ့ အကုသိုလ် မကောင်းမှုကံတွေကို မဖြစ်အောင် အားထုတ်ရမယ်။

(၃) မဖြစ်သေးတဲ့ ကုသိုလ်ကောင်းမှုကံတွေကို ဖြစ်အောင် အားထုတ် ရမယ်။

(၄) ဖြစ်ပြီးခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို အတိုင်းထက်အလွန် ပွားများအောင် အားထုတ်ရမယ်။

## ဣန္ဒြေ ညှိပေးနည်း

| | | |
|---|---|---|
| သဒ္ဓါလွန်ရင် | ... တဏှာဖြစ် | |
| ပညာလွန်ရင် | ... ကွန့်၊ ကောက်ကျစ်သည်။ | သတိကပ်ပေး။ |
| ဝီရိယလွန်လျှင် | ... ပြန့်လွင့်။ | |
| သမာဓိလွန်လျှင် | ... ငိုက်သည်။ | သတိကပ်ပေး။ |
| ဖြစ်ပျက်ရှိတဲ့ဘက် | ... ဉာဏ်ညီအောင်လွှတ်ပေး | |

## အတိတ်ကိုလဲ မပြန်နဲ့

စွန်းလွန်း ဆောင်ပုဒ်က

အတိတ်ကိုလဲ မပြန်နဲ့၊ အနာဂတ်လဲ မကြံနဲ့၊ ပစ္စုပ္ပန် တည့်တည့်ထား။ အတိတ်ပြန်တော့ ဒေါသဖြစ်တယ်၊ အနာဂတ်ကြံတော့ လောဘဖြစ်တယ်။ ဒါ့ကြောင့် ပစ္စုပ္ပန်ကာလသည်သာ အရေးကြီးတာ။ ဝိပဿနာလုပ်တဲ့ အခါမှာလဲ ပစ္စုပ္ပန်ရောက်တဲ့အချိန်သာ ရောင့်ရဲတင်းတိမ်မယ်ဆိုရင် အမှန် ချမ်းသာတယ်။

http://www.dhammadownload.com

# မြတ်စွာဘုရား ဥဒါန်း ကျူးရင့်တော်မူခြင်း

၁။ အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
၂။ ဂဟကာရ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
၃။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ နကာဟသိ။
၄။ သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
၅။ ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။

ယသ္မာ – အကြင်အကြောင်းကြောင့်၊ ပုနပ္ပုနံ – အဖန်တလဲလဲ၊ ဇာတိ – ပဋိသန္ဓေနေရခြင်းသည်၊ ဒုက္ခာ – ပင်ပန်းဆင်းရဲ ငြိုငြင်ခြင်းဖြစ်ရပေ၏။ တသ္မာ – ထိုသို့ ဆင်းရဲခြင်းဖြစ်ရသည့်အကြောင်းကြောင့်၊ ဂဟကာရံ – ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ ဆောက်လုပ်၍လာသော တဏှာ ယောက်ျား သင်လက်သမားကို၊ ဂဝေသန္တော – ဉာဏ်ဖြင့်မွေ၍ ရှာဖွေအပ်သော ငါသည်၊ အနိဗ္ဗိသံ အနိဗ္ဗိသန္တော – သင့်ကို မြင်နိုင် ဉာဏ်မဏ္ဍိုင်ကို မပိုင်ရသေးသောကြောင့်သာလျှင်၊ အနေကဇာတိ သံသာရံ – ဘဝများစွာ သံသရာကာလပတ်လုံး၊ သန္ဓာဝိဿံ – သံသရာ၌ကျင်လည်၍ ပြေးခဲ့ရလေပြီ။ ဂဟကာရက – ခန္ဓာအိမ်ကို အကြိမ်များစွာ ဆောက်လုပ်လာသော တဏှာ ယောက်ျား လက်သမား၊ တွံ – သင်, တဏှာယောက်ျားကို၊ ဒိဋ္ဌော – ပညာစက္ခုသဗ္ဗညုဖြင့် ယခုငါသည် မြင်အပ်ပြီးသော သူသည်၊ အသိ – ဖြစ်၏။ ပုန တဖန်၊ ဂေဟံ – အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို၊ န ကာဟသိ – သင် မပြုလုပ်ရတော့ လတ္တံ့၊ တေ – တဏှာယောက်ျား သင်, လက်သမား၏၊ သဗ္ဗာ – ခပ်သိမ်းကုန်သော၊ ဖာသုကာ – ကိလေသာ တည်းဟူသော အိမ်၏ အခြင်တို့ကို၊ ဘဂ္ဂါ – ငါသည် ချိုးဖျက် အပ်ကုန်ပြီ၊ ဂဟကူဋံ – အဝိဇ္ဇာတည်းဟူသော အိမ်၏ အထွတ်တို့ကို၊ ဝိသင်္ခတံ – ဖျက်ဆီးအပ်ကုန်ပြီ။ မေ ငါ၏၊ စိတ္တံ – စိတ်သည်၊ ဝိသင်္ခါရံ – ပြုခြင်းကင်းသော နိဗ္ဗာန်သို့၊ ဂတံ – အာရုံပြုသောအားဖြင့် ရောက်ပြီ။ တဏှာနံ – တဏှာတို့၏၊ ခယံ – ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တ ဖိုလ်သို့၊ အဇ္ဈဂါ – ရောက်လေပြီ။

တဏှာ၏ ကုန်ရာ ဖြစ်သော ဝိပဿနာတရားတို့ကို ပွားများအားထုတ်ကြနိုင် ပါစေသောဝ် .....။

http://www.dhammadownload.com

ဓမ္မမိတ်ဆွေ သူတော်ကောင်း အပေါင်းတို့ခင်ဗျား ....။

ကျွန်တော်သည် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့သော အသံသွင်းကက်ဆက်ခွေ ဖြန့်ဖြူးရခြင်းနှင့် ပတ်သက်၍ အနည်းငယ်သိစေအပ်ပါသည်ခင်ဗျား။ ကျွန်တော်သည် မိုးကုတ်ဆရာတော်၏ တရားများ နှစ်သက်သည်မှာ ၁၉၇၆–ခုနှစ်ဦးပိုင်းမှ စ, ခဲ့ပါသည်။ ဆရာတော်၏ တရားများကို များများနာလိုချင်သော ဆန္ဒပြင်းပြလွန်း၍ ဆရာတော်ဟောသော အသံသွင်းကြိုးခွေများ ငှားပြီး အသံသွင်းဆိုင်များသို့ အငှားသွင်းခိုင်းခဲ့ပါသည်။ ဒါပေမယ့် စိတ်တိုင်းကျ ကျေနပ်မှု မရခဲ့ပါ။ ကျွန်တော်ကဲ့သို့ တရားဝါသနာပါသော မိတ်ဆွေများလည်း အခက်အခဲရှိလိမ့်မည်ဟု ယုံကြည်သောကြောင့် ခေတ်မီ အသံကူးစက်များဝယ်၍ မိုးကုတ်တရားများကို ကူးပေးရခြင်းဖြစ်ပါသည်။ ယခုအလုပ်သည် ကျွန်တော်၏ စားဝတ်နေရေးအတွက် စီးပွားရေး မဟုတ်ပါ။ ကျွန်တော့်မှာ ကိုယ်ပိုင်စီးပွားရေး ရှိပါသည်။ ဆရာတော်ကို ကြည်ညိုလွန်း၍ ပြန့်ပွားစေလိုသော စေတနာကြောင့် မိုးကုတ်တရားများကို အသံကူးပေးရခြင်းဖြစ်ပါသည်။ တိတ်ခွေထဲသို့ တရားတစ်ပုဒ်ရောက်ဖို့ရာ ကျပ်ငွေ နှစ်သောင်းငါးထောင်တန် စက်နှင့် သုံးပြီးမှ တရားတစ်ပုဒ် ထွက်လာပါသည်။ ဒီလိုစက်မျိုးတစ်စုံနှင့်လည်း ကိစ္စမပြီးသေးပါ။ Sound Control တို့၊ Amplifier တို့၊ အသံစစ်တဲ့စက်၊ အသံထိန်းတဲ့စက်တွေလည်း သုံးရပါသေးသည်။ ဤကဲ့သို့ ထုတ်ဖော်ရခြင်းသည် ကြွားလို၍ မဟုတ်ပါ။ စီးပွားရေး အဓိကမဟုတ်ကြောင်း၊ စေတနာ၊ သဒ္ဓါတရား အရင်းခံ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သိစေလို၍ ဖြစ်ပါသည်ခင်ဗျား ...။

**မောင်ခင်စိုး**

**မိုးကုတ်ဝိပဿနာ ပြန့်ပွားရေး**

**အမှတ်(၁၇၁)၊ မြစန္ဒာလမ်း**

**၆၂× ၆၃ကြား၊ ၂၇× ၂၈ကြား**

**အောင်တော်မူရပ် ၊ မန္တလေးမြို့ ။**

**ဖုန်း – ၆၆၂၀၉**

http://www.dhammadownload.com

## မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော အသံသွင်းကက်ဆက်တရားခွေများ

| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်/မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၁ | ၂၉၊ ၁၊ ၅၅ | ဝိသာခနှင့်ဓမ္မဒိန္နာ အမေးအဖြေ တရားတော် | | |
| ၂ | ၈၊၁၀၊ ၅၆ | တရားအားထုတ်သော ပုဂ္ဂိုလ်သည် လိပ်ကဲ့သို့ ကျင့်ရန် တရားတော် | | |
| ၃ | ၁၁၊၁၁၊ ၅၆ | ဓာတိက ဥပမာပြ တရားတော် | | |
| ၄ | ၇၊ ၈၊ ၅၈ | ဖဂ္ဂုဏ အကြောင်းပြု ဝေဒနာခွာပြီး အနိစ္စ တွေ့အောင်ရှာ၊ အနိစ္စမှန်းအောင်၊ အနိစ္စ ဆုံးအောင် ရှုပွားနည်း တရားတော် | | |
| ၅ | ၉၊ ၈၊ ၅၈ | အဓိပတိသုံးပါးပြ၍ ဝေဒနာနှင့် တဏှာကြား တွင် သောတာပန်မှဘုရားထိဖြစ်ပုံတရားတော် | | |
| ၆ | ၁၀၊ ၈၊ ၅၈ | ဓာ ၇-ကြိမ် တရားတော် | | |
| ၇ | ၁၀၊ ၈၊ ၅၈ | ပဋိစ္စသမုပ္ပါဒ် အနုလောမ ပဋိလောမနည်းဖြင့် ဒုက္ခသစ္စာ ဆိုက်ပုံတရားတော် | ၂၇ | ၄၁၉ |
| ၈ | ၁၁၊ ၈၊ ၅၈ | အဓိပတိ သုံးပါး ထား၍ တရားအားထုတ်ပါ ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကိုသာ ဝိပဿနာရှုပါ | ၂၇ | ၄၆၃ |
| ၉ | ၁၂၊ ၈၊ ၅၈ | အဝိဇ္ဇာကြောင့် သင်္ခါရ ၃-မျိုးပေါ်ပုံ တရားတော် | | |
| ၁၀ | ၁၃၊ ၈၊ ၅၈ | အဓိပတိသုံးပါးနှင့် တရားအားထုတ်ရန်၊ ဝေဒနာ နှင့် တဏှာအကြားတွင် နိဗ္ဗာန်ရှာရန်တရားတော် | | |
| ၁၁ | ၂၂၊ ၈၊ ၅၈ | သမ္မ သနသုတ်အငတ်နာ တရားတော် | | |
| ၁၂ | ၁၊ ၃၊ ၅၉ | သိမ်မွေ့တဲ့ ရုပ်နာမ်ဖြစ်ပျက်ကို သူစိမ်းဖြင့် မြင် အောင် စောင့်ကြည့်ရန် ဟောသောတရားတော် | ၂၉ | ၅၀၃ |
| ၁၃ | ၃၊ ၃၊ ၅၉ | ဥဒယဗ္ဗယဉာဏ် ရောက်ရင်အကျိုးကြီးလှပုံ တရားတော် | ၂၉ | ၆၀၁ |
| ၁၄ | ၇၊ ၃၊ ၅၉ | အနတ္တက အနတ္တကို အားကိုးနေကြပုံ၊ နေ့ အလုပ်ပေးတရားတော် | ၃၀ | ၁၄၁ |
| ၁၅ | ၂၅၊၁၁၊ ၅၉ | ကံစေတနာ ကမ္မဝါဒီသဿတဒိဋ္ဌိ ပယ်ခန်း တရားတော် | | |

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော အသံသွင်းကက်ဆက်တရားခွေများ

| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၁၆ | ၂၆၊ ၁၁၊ ၅၉ | မာလုကျပုတ္တ ဥပမာပြ စုတိပဋိသန္ဓေ တရားတော် | | |
| ၁၇ | ၂၇၊ ၁၁၊ ၅၉ | စုတိပဋိသန္ဓေ နိဗ္ဗာန်ရောက်ကြောင်းတရားတော် | | |
| ၁၈ | ၂၈၊ ၁၁၊ ၅၉ | ဂိလာနရဟန်းအား ဝေဒနာပြ ဟောပုံတရားတော် | | |
| ၁၉ | ၂၉၊ ၁၁၊ ၅၉ | အဝိဇ္ဇာတဏှာ နှစ်ဘက်ကန်းပုံ တရားတော် | | |
| ၂၀ | ၃၀၊ ၁၁၊ ၅၉ | တဏှာ အပ်ချုပ်သမား အမှတ်(၁)တရားတော် | | |
| ၂၁ | ၁၊ ၁၂၊ ၅၉ | တဏှာ အပ်ချုပ်သမား အမှတ်(၂)တရားတော် | | |
| ၂၂ | ၂၊ ၁၂၊ ၅၉ | ရှင်နန္ဒက ဘိက္ခုနီမ ၅၀၀ – အား မီးအလင်းဖြင့် ဥပမာပြပုံ တရားတော် | | |
| ၂၃ | ၃၊ ၁၂၊ ၅၉ | ရှင်နန္ဒက ဘိက္ခုနီမ ၅၀၀–အား သစ်ပင်ဖြင့် ဥပမာပြ ဟောပုံတရားတော် | | |
| ၂၄ | ၄၊ ၁၂၊ ၅၉ | အာသဝေါတရားလေးပါး တရားတော် | | |
| ၂၅ | ၅၊ ၁၂၊ ၅၉ | ဝဲသြဃ တရားတော် | | |
| ၂၆ | ၆၊ ၁၂၊ ၅၉ | ကံ ခြောက်မျိုး တရားတော် | | |
| ၂၇ | ၇၊ ၁၂၊ ၅၉ | ဒုက္ခ ခြောက်မျိုး တရားတော် | | |
| ၂၈ | ၈၊ ၁၂၊ ၅၉ | ကာမခြောက်မျိုး တရားတော် | | |
| ၂၉ | ၉၊ ၁၂၊ ၅၉ | ဝေဒနာခြောက်မျိုး တရားတော် | | |
| ၃၀ | ၁၀၊ ၁၂၊ ၅၉ | ဥတ္တရလုလင် ဥပမာပြ ဝိပဿနာအားထုတ်နည်း တရားတော် | | |
| ၃၁ | ၃၁၊ ၁၂၊ ၅၉ | သောတာပန် တည်နည်း တရားတော် | | |
| ၃၂ | ၁၊ ၁၊ ၆၀ | အသိလိုက်ရန် တရားတော် (စီ – ၉၀) | | |
| ၃၃ | ၃၊ ၁၊ ၆၀ | ဝေဒနာ အနိစ္စ တရားတော် | | |
| ၃၄ | ၇၊ ၁၊ ၆၀ | ဝေဒနာသုံးပါး စရိုက်ရွေးပုံ တရားတော် | | |
| ၃၅ | ၈၊ ၁၊ ၆၀ | ဝေဒနာသုံးပါး ကိုယ့်အသေ ကိုယ်ကြည့်ရန် တရားတော် | | |
| ၃၆ | ၉၊ ၁၊ ၆၀ | သင်္ခါရတရားအနိစ္စပေါ်အောင်ကြည့်ရန် တရားတော် | | |

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော အသံသွင်းကက်ဆက်တရားခွေများ

| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၃၇ | ၁၀၊ ၁၊ ၆၀ | မဂ်ဉာဏ်လိုချင်ရင်ဝိပဿနာအားထုတ်ရန် တရားတော် | | |
| ၃၈ | ၁၅၊ ၁၊ ၆၀ | သောတာပန် ပုဂ္ဂိုလ်၏ မြင်ပုံတရားတော် | | |
| ၃၉ | ၁၉၊ ၁၊ ၆၀ | ကံသည် အနတ္တသဘော တရားတော် | ၃၁ | ၁ |
| ၄၀ | ၂၀၊ ၁၊ ၆၀ | တဏှာသတ်ရင် သကဒါဂါမ်တည်နိုင်ကြောင်း တရားတော် (စီ – ၉၀) | ၃၁ | ၄၀ |
| ၄၁ | ၂၁၊ ၁၊ ၆၀ | လူမိုက်နှင့် လူမိုက်ထက် ပိုမိုက်သူ တရားတော် | ၃၁ | ၈၇ |
| ၄၂ | ၂၂၊ ၁၊ ၆၀ | အကြောင်း အကျိုးနှင့် တရားနာပုံတရားတော် | ၃၁ | ၁၃၀ |
| ၄၃ | ၂၃၊ ၁၊ ၆၀ | မဂ္ဂဗြဟ္မစရိယ အကျင့်နှင့် လူမိုက်လမ်းဖြတ်ရန် တရားတော် | | |
| ၄၄ | ၂၄၊ ၁၊ ၆၀ | လူမိုက်နှင့် လူလိမ္မာ ခွဲခြားပုံ တရားတော် | | |
| ၄၅ | ၂၅၊ ၁၊ ၆၀ | ငါဟူသော သက္ကာယဒိဋ္ဌိဖြုတ်နည်း ရှင်ခေမကနှင့် ရဟန်းကြီး ၆၀ – ဥပမာပြ အမှတ်(၁)တရားတော် | | |
| ၄၆ | ၂၆၊ ၁၊ ၆၀ | စိတ်ဝိညာဏ် အနိစ္စမြင်မှ သမ္မာဒိဋ္ဌိ ရှင်ခေမကနှင့် ရဟန်းကြီး ၆၀ – အမှတ်(၂)တရားတော် | ၃၁ | ၁၇၁ |
| ၄၇ | ၂၇၊ ၁၊ ၆၀ | သမ္မသနသုတ် မဂ္ဂင်ဖောင်တင်ပုံတရားတော်(စီ – ၉၀) | | |
| ၄၈ | ၂၈၊ ၁၊ ၆၀ | ဝိပဿနာလမ်းမှ နိဗ္ဗာန်သွားနိုင်ပုံ တရားတော် | | |
| ၄၉ | ၂၉၊ ၁၊ ၆၀ | သုတိမ ပရိဗိုဇ် တရားခိုးခန်းအမှတ်(၁)တရားတော် | | |
| ၅၀ | ၃၀၊ ၁၊ ၆၀ | သုတိမ ပရိဗိုဇ် တရားခိုးခန်းအမှတ်(၂)တရားတော် | | |
| ၅၁ | ၃၁၊ ၁၊ ၆၀ | သုသိမ ရဟန္တာဖြစ်ခန်း တရားတော် | | |
| ၅၂ | ၁၊ ၂၊ ၆၀ | သရဏသုတ် ဒုလ္လဘတရားငါးပါးနှင့် အလုပ်စဉ် တရားတော် | | |
| ၅၃ | ၂၊ ၂၊ ၆၀ | ခဏကိစ္စ တရား ၈ – ပါး တရားတော် | ၃၁ | ၂၆၀ |
| ၅၄ | ၃၊ ၂၊ ၆၀ | အဂ္ဂိဝစ္ဆပုဏ္ဏားအား နိဗ္ဗာန် အကြောင်း ရှင်းပြပုံတရား | | |
| ၅၅ | ၄၊ ၂၊ ၆၀ | ချည်တိုင်နှင့်ကြိုး၊ ခွေးနှင့် လည်ပတ်တရား (စီ–၉၀) | | |
| ၅၆ | ၅၊ ၂၊ ၆၀ | အဂ္ဂိဝစ္ဆပုဏ္ဏားအား နိဗ္ဗာန်ကိုမီးနှင့်ဥပမာပြတရား | | |

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော အသံသွင်းကက်ဆက်တရားခွေများ

| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၅၇ | ၆၊ ၂၊ ၆၀ | သစ္စာ ၂–ပါး တရားတော် | | |
| ၅၈ | ၇၊ ၂၊ ၆၀ | အားကိုထိုက်သော မဂ္ဂင်ဖောင်ဖွဲ့ထားရန် တရားတော် | | |
| ၅၉ | ၈၊ ၂၊ ၆၀ | အနာထပိဏ် သူဌေးကြီးအား ရှင်သာရိပုတ္တရာက ဖြစ်ပျက်ရှုနည်း သင်ပုံ တရားတော် | | |
| ၆၀ | ၁၃၊ ၂၊ ၆၀ | သတ္တဝါအစ ပဝတ္တိဝိညာဏ်က မျက်စိဖွင့်လိုက်ရင် ဝိညာဏ်အစ ကံအဆုံးသွားတယ်၊ ဒိဋ္ဌိအရင်ဖြုတ်ပြီးမှဝိပဿနာရှုပါ တရားတော် | | |
| ၆၁ | ၁၄၊ ၂၊ ၆၀ | ကမ္မဝါဒီ သဿတဒိဋ္ဌိ တရားတော် | | |
| ၆၂ | ၁၄၊ ၂၊ ၆၀ | ဝိမုတ္တာရတနသုတ် သေနာပေါ်၌ သေတတ်သော တရားတော် | | |
| ၆၃ | ၁၅၊ ၂၊ ၆၀ | သူတောင်းစား ၆–ယောက် တရားတော် | | |
| ၆၄ | ၁၆၊ ၂၊ ၆၀ | ရှင်ဆန္နဝဝတ္ထု ဥပမာပြ ဒိဋ္ဌိသုံးမျိုးမဖြုတ်ပဲ ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလည်ပဲ၊ ဝိပဿနာလုပ်သော် နိဗ္ဗာန်ကိုမမြင် တရားတော် | | |
| ၆၅ | ၁၇၊ ၂၊ ၆၀ | ရှင်ဆန္န ရဟန်းအား၊ ဒိဋ္ဌိဝိစိကိစ္ဆာ ခွာပေးခန်း အမှတ်(၂)တရားတော် | | |
| ၆၆ | ၁၈၊ ၂၊ ၆၀ | ရှင်ဆန္နဝတ္ထု ဥပမာပြ ဒိဋ္ဌိဖြုတ် တရားတော် | | |
| ၆၇ | ၁၉၊ ၂၊ ၆၀ | ရှင်ဆန္နဝတ္ထု ဥပမာပြ ဒိဋ္ဌိဖြုတ် တရားတော် | | |
| ၆၈ | ၂၀၊ ၂၊ ၆၀ | ဗာလပဏ္ဍိတသုတ် တရားတော် | | |
| ၆၉ | ၂၄၊ ၂၊ ၆၀ | ဗာလပဏ္ဍိတသုတ် တရားတော် အမှတ်(၁) | | |
| ၇၀ | ၂၅၊ ၂၊ ၆၀ | ဗာလပဏ္ဍိတသုတ် ၂–လူမိုက်နှင့်လူလိမ္မာ ထူးခြားပုံ | ၃၀ | ၂၈၁ |
| ၇၁ | ၂၆၊ ၂၊ ၆၀ | ဒိဋ္ဌိသုံးမျိုးဖြုတ်နည်းနှင့် ကိလေသာကြားမခိုအောင် ရှုပွားနည်း တရားတော် | | |
| ၇၂ | ၂၇၊ ၂၊ ၆၀ | သမ္မာဒိဋ္ဌိငါးမျိုး ဝိပဿနာ သမ္မာဒိဋ္ဌိဖြင့် သက္ကာယဒိဋ္ဌိကို ပယ်သတ်နည်းတရားတော် | | |

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော အသံသွင်းကက်ဆက်တရားခွေများ

| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၇၃ | ၂၈၊ ၂၊ ၆၀ | ဝိပဿနာ သမ္မာဒိဋ္ဌိသည် ပုရေစာရိက သမ္မာဒိဋ္ဌိ ဖြစ်၍ မဂ်သမ္မာဒိဋ္ဌိထက် ရှေးပြေးဉာဏ် အရေးကြီးပုံ တရားတော် | | |
| ၇၄ | ၁၊ ၃၊ ၆၀ | သမ္မာဒိဋ္ဌိငါးမျိုး မဂ်နောက်မှလိုက်သော ဖိုလ်နှင့် ဝိပဿနာ့နောက်မှ လိုက်သော ဖိုလ် ၂-မျိုး တရားတော် | ၃၀ | ၃၇၂ |
| ၇၅ | ၂၊ ၃၊ ၆၀ | သောတာပန် အမြင်နှင့် နောက်ဆုံး ဖိုလ်ဝင်စားပုံ တရားတော် | ၃၀ | ၃၂၅ |
| ၇၆ | ၃၊ ၃၊ ၆၀ | သက္ကာယဒိဋ္ဌိ ဖယ်ရှားရန် အရေးကြီးပုံ တရားတော် | | |
| ၇၇ | ၄၊ ၃၊ ၆၀ | ဖဂ္ဂုဏရဟန်းအကြောင်းပြု၍ သေနည်းသုံးမျိုး တရားတော် | ၃၀ | ၄၁၅ |
| ၇၈ | ၅၊ ၃၊ ၆၀ | အကြောင်းသုံးသပ်နည်း တဏှာသည်အာယတန ၁၂-ပါးမှလာကြောင်း ရှင်ရေဝတ ဝတ္ထုတရားတော် | ၃၀ | ၄၆၀ |
| ၇၉ | ၆၊ ၃၊ ၆၀ | သမ္မသနသုတ် အမှတ်(၁) ခင်ရာမင်ရာမှ တဏှာလာပုံ တရားတော် | ၃၀ | ၅၀၇ |
| ၈၀ | ၇၊ ၃၊ ၆၀ | သမ္မသနသုတ် အမှတ်(၂)အာယတန ၁၂-ပါး အဆိပ်ရောသောရေမသောက်မိစေရန် တရားတော် | ၃၁ | ၂၁၆ |
| ၈၁ | ၈၊ ၃၊ ၆၀ | နိဗ္ဗာန်သွားမြေပုံ အမှတ်(၁) တရားတော် | ၃၁ | ၃၀၄ |
| ၈၂ | ၉၊ ၃၊ ၆၀ | နိဗ္ဗာန်သွားမြေပုံ အမှတ်(၂) စိတ် ၁၁-မျိုးရှုပွားနည်း တရားတော် | | |
| ၈၃ | ၁၀၊ ၃၊ ၆၀ | ရှင်အနုရာဓဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို အသိနှင့်ပထမပယ်နည်းတရားတော် | | |
| ၈၄ | ၁၁၊ ၃၊ ၆၀ | သစ်ပင်ဥပမာပြု နှလုံးသွင်းမမှန်သော မြေပေါ်တွင် အဝိဇ္ဇာ မျိုးစေ့ဖြင့် ကြီးထွားလာသော ခန္ဓာသစ်ပင်တရားတော် | | |

http://www.dhammadownload.com

## မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော အသံသွင်းကက်ဆက်တရားခွေများ

| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၈၅ | ၁၂၊ ၃၊ ၆၀ | ရှင်အနုရာဓအား ဘုရားက ဒိဋ္ဌိနှင့် စိစိကိစ္စာ ခွာပေးပုံ တရားတော် | | |
| ၈၆ | ၁၃၊ ၃၊ ၆၀ | နှလုံးသွင်းမှန်၍ အားထုတ်ကနိဗ္ဗာန်ရောက်ပုံ တရားတော် | ၃၁ | ၃၄၉ |
| ၈၇ | ၁၄၊ ၃၊ ၆၀ | သစ္စာတရားနာပါ၊ မိမိကိုယ်ကို နှလုံးသွင်းမှန် အောင် ရှုပါတရားတော် | | |
| ၈၈ | ၁၅၊ ၃၊ ၆၀ | အသုတဝါ ပုထုဇနော့သည် ချည်တိုင်တွင် ချည်ထားသော ခွေးနှင့်တူပုံ တရားတော် | | |
| ၈၉ | ၁၆၊ ၃၊ ၆၀ | ဒုက္ခသစ္စာ ရှုသောဉာဏ်တရားတော် | | |
| ၉၀ | ၁၇၊ ၃၊ ၆၀ | ဝိပဿနာ ရှုနေရမည့် ဘာဝေတဗ္ဗ တရားတော် | | |
| ၉၁ | ၁၈၊ ၃၊ ၆၀ | ချောင် ၁၆–ချောင်၊ ချောင်ခိုတတ်ပုံ သုဘရဟာန်းက မေးလျှောက်ခန်း တရားတော် | ၃၁ | ၃၉၅ |
| ၉၂ | ၁၉၊ ၃၊ ၆၀ | နာမ် ခန္ဓာလေးပါးသည် အာရုံဒွါရ အကြောင်း ၂–ပါးကြောင့် ဖြစ်ပေါ်ပုံ တရားတော် | | |
| ၉၃ | ၂၀၊ ၃၊ ၆၀ | ခန္ဓာငါးပါးဖြစ်ပျက် ဖေါက်ပြန်နေတာ စောင့်ကြည့်တာ ဝိပဿနာ တရားတော် | | |
| ၉၄ | ၂၁၊ ၃၊ ၆၀ | ဒုက္ခသစ္စာ ကုသိုလ်ခွေး အကုသိုလ်ခွေး တရားတော် | | |
| ၉၅ | ၂၂၊ ၃၊ ၆၀ | ဝစ္ဆပုဏ္ဏားနှင့် ဘုရားအမေး အဖြေ တရားတော် | | |
| ၉၆ | ၂၃၊ ၃၊ ၆၀ | ကံလေးမျိုး ခွဲခြားပြပုံ၊ ပြိုးသေ၊ မဲ့သေ၊ သေနိယနှင့် ပုဏ္ဏ ၄၄–ကြိမ် မှာတမ်းတော်တရား | | |
| ၉၇ | ၂၄၊ ၃၊ ၆၀ | အမဲကံ ဒုစရိုက် ၁၀–ပါး၊ အဖြူကံ သုစရိုက် ၁၀–ပါး ကံမဲကံဖြူ မလုပ်သော မဂ်ဉာဏ် တရားတော် (သေနိယ ရဟန္တာဖြစ်) | | |
| ၉၈ | ၂၅၊ ၃၊ ၆၀ | ဘုရားသုံးသော စကားနှစ်ခွန်း တရားတော် | ၃၁ | ၄၂၈ |

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော အသံသွင်းကက်ဆက်တရားခွေများ

| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ် မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၉၉ | ၂၆၊ ၃၊ ၆၀ | စိတ္တာနုပဿနာ သတိပဋ္ဌာန် တရားတော် | | |
| ၁၀၀ | ၂၇၊ ၃၊ ၆၀ | ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဩဃလေးပါး တရားတော် | ၃၂ | ၄၅ |
| ၁၀၁ | ၂၈၊ ၃၊ ၆၀ | သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ တရားတော် | | |
| ၁၀၂ | ၂၉၊ ၃၊ ၆၀ | ကာလိက နိုပ်စက်ပုံနှင့် သန္ဒိဋ္ဌိက ကျေးဇူးပြုပုံ ရှင်သမိဒ္ဓိ သုတ် တရားတော် | | |
| ၁၀၃ | ၃၀၊ ၃၊ ၆၀ | ရှေ့ပိုင်း ပဋိစ္စသမုပ္ပါဒ် ရှင်းတမ်းနှင့်အစေလက ကဿပနှင့် ဘုရားအမေးအဖြေ တရားတော် | | |
| ၁၀၄ | ၃၁၊ ၃၊ ၆၀ | ဝေဒနာနှင့် တဏှာအကြားတွင် သဗ္ဗညုတဉာဏ် ရ၍ ဘုရားဖြစ်ပုံ တရားတော် (စီ-၉၀) | | |
| ၁၀၅ | ၃၊ ၁၁၊ ၆၀ | ကြွက်လေးမျိုး ဥပမာပြ တွင်းအောင်းတရားတော် | ၃၃ | ၄၃ |
| ၁၀၆ | ၁၃၊ ၁၁၊ ၆၀ | ဝိပဿနာအလုပ်ပေး တရားတော် (စီ-၉၀) | ၁ | ၁ |
| ၁၀၇ | ၁၄၊ ၁၁၊ ၆၀ | ဒိဋ္ဌိ ဝိစိကိစ္ဆာပယ်ပုံ တရားတော် (စီ-၉၀) | ၁ | ၄၇ |
| ၁၀၈ | ၁၅၊ ၁၁၊ ၆၀ | ပဋိစ္စသမုပ္ပါဒ် ဆက်ပုံ တရားတော် (စီ-၉၀) | ၁ | ၉၅ |
| ၁၀၉ | ၁၆၊ ၁၁၊ ၆၀ | အဂ္ဂိဝစ္ဆသုတ် တရားတော် | ၁ | ၁၄၀ |
| ၁၁၀ | ၁၇၊ ၁၁၊ ၆၀ | အဝိဇ္ဇာ သင်္ခါရ တရားတော် | ၁ | ၁၈၇ |
| ၁၁၁ | ၁၉၊ ၁၁၊ ၆၀ | တေဝိဇ္ဇာ သုတ် တရားတော် | ၁ | ၂၂၆ |
| ၁၁၂ | ၂၀၊ ၁၁၊ ၆၀ | ခါးလိုး ရှင်ဆန္နသုတ် တရားတော် | | |
| ၁၁၃ | ၂၁၊ ၁၁၊ ၆၀ | အနာဂတ ပိဋကတ်ကောဝါဒ တရားတော် (စီ-၉၀) | ၁ | ၄၃၃ |
| ၁၁၄ | ၂၃၊ ၁၁၊ ၆၀ | စေတနာကံ သင်္ခါရရှင်းပြပုံ တရားတော် မဟာပုဏ္ဏမ သုတ် (စီ-၉၀) | ၁ | ၄၀၄ |
| ၁၁၅ | ၂၄၊ ၁၁၊ ၆၀ | သုတဝါ အရိယသာဝကောနှင့် အသုတဝါ ပုထုဇနော တရားတော် (စီ-၉၀) | ၁ | ၃၀၉ |
| ၁၁၆ | ၂၇၊ ၁၁၊ ၆၀ | ပညာဖြင့် ကိလေသာမှ လွန်မြောက်ပုံ တရားတော် (သုသိမ) | ၁ | ၄၈၀ |

http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော အသံသွင်းကက်ဆက်တရားခွေများ

| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၁၁၇ | ၂၈၊ ၁၁၊ ၆၀ | သမ္ဗုဿနသုတ် ဇရာ, မရဏ တရားတော် | ၁ | ၂၆၄ |
| ၁၁၈ | ၂၉၊ ၁၁၊ ၆၀ | ဆီ, မီးဇာကုန်၍ မီးငြိမ်းပုံ သံယောဇနိယသုတ် တရားတော် | ၁ | ၅၂၀ |
| ၁၁၉ | ၁၀၊ ၁၁၊ ၆၀ | တောင်မြို့ ပထမနေ့ဟောသောကထိန်ရေစက်ချ တရားတော် | ၃၂ | ၁၄၁ |
| ၁၂၀ | ၁၁၊ ၁၁၊ ၆၀ | နိဗ္ဗာန် အရှာမလွဲရန် တရားတော် | ၃၂ | ၁၇၈ |
| ၁၂၁ | ၁၂၊ ၁၁၊ ၆၀ | သက္ကပဉ္စသုတ် ဣဿာနှင့် မစ္ဆရိယ ရှင်းပြပုံ အမှတ် (၁) တရားတော် | | |
| ၁၂၂ | ၁၃၊ ၁၁၊ ၆၀ | သက္ကပဉ္စသုတ် ဣဿာနှင့် မစ္ဆရိယ ရှင်းပြပုံ အမှတ် (၂) တရားတော် | | |
| ၁၂၃ | ၁၄၊ ၁၁၊ ၆၀ | သက္ကပဉ္စသုတ် ဣဿာနှင့် မစ္ဆရိယ ရှင်းပြပုံ အမှတ် (၃) တရားတော် | ၃၂ | ၂၁၅ |
| ၁၂၄ | ၁၅၊ ၁၁၊ ၆၀ | ဝိတက်ရှုနည်း နိသျှည်း တရားတော် | | |
| ၁၂၅ | ၁၆၊ ၁၁၊ ၆၀ | ဒုလ္လဘတရား ငါးပါးတရားတော် | | |
| ၁၂၆ | ၁၇၊ ၁၁၊ ၆၀ | လူမိုက်နှင့် လူလိမ္မာ ခွဲခြားပုံ တရားတော်(စီ – ၉၀) | | |
| ၁၂၇ | ၁၈၊ ၁၁၊ ၆၀ | မိတ်ဆွေကောင်းတစ်ဦးက ပြောသည်ဟု သဘောထားကျင့်လျှင် အကျိုးဖြစ်နိုင်ပါသည် တရားတော် | | |
| ၁၂၈ | ၁၉၊ ၁၁၊ ၆၀ | ဖဂ္ဂုဏအကြောင်းပြု သေနည်းသင် တရားတော် | | |
| ၁၂၉ | ၂၀၊ ၁၁၊ ၆၀ | ရှာမှီးခြင်းမလွဲရန် တရားတော် | | |
| ၁၃၀ | ၂၃၊ ၁၁၊ ၆၀ | ဆရာ့တာဝန်နှင့် ဒကာ့တာဝန် ဒုက္ခသစ္စာ တရား အစေလက ကဿပ အမေးဘုရား အဖြေ တရားတော် | ၃၂ | ၂၅၈ |
| ၁၃၁ | ၂၄၊ ၁၁၊ ၆၀ | ဒုက္ခလာပုံ အမေးအဖြေ တရားတော် | | |
| ၁၃၂ | ၂၆၊ ၁၁၊ ၆၀ | သက္ကာယဒိဋ္ဌိခွာရေး တရားတော် | ၃၂ | ၃၉၉ |
| ၁၃၃ | ၂၇၊ ၁၁၊ ၆၀ | သေရမှာကြောက်သူနှင့်မကြောက်သူ တရားတော် | ၃၂ | ၄၃၀ |
| ၁၃၄ | ၂၈၊ ၁၁၊ ၆၀ | အမြင်မှန်ပေးပုံ တရားတော် အမှတ် (၁) | | |

http://www.dhammadownload.com



| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၁၃၅ | ၂၉၊ ၁၁၊ ၆၀ | အမြင်မှန်ပေးပုံ တရားတော် အမှတ်(၂) | | |
| ၁၃၆ | ၃၀၊ ၁၁၊ ၆၀ | လောင်စာနှင့်မီး ခွဲခြားပုံ တရားတော် | | |
| ၁၃၇ | ၁၊ ၁၂၊ ၆၀ | သမ္မသနသုတ် အမှတ် (၁) တရားတော် | | |
| ၁၃၈ | ၂၊ ၁၂၊ ၆၀ | သမ္မသနသုတ် အမှတ် (၂) တရားတော် | | |
| ၁၃၉ | ၃၊ ၁၂၊ ၆၀ | ကောသလမင်းအား သေခြင်း တရားပြပုံ တရားတော် | | |
| ၁၄၀ | ၄၊ ၁၂၊ ၆၀ | ဘာဝနာသုတ် တရားတော် | | |
| ၁၄၁ | ၄၊ ၁၂၊ ၆၀ | မသေခင် တရားအားထုတ်ဖို့ အရေးကြီးပုံ ပေယျာဝတ္ထု တရားတော် | ၃၃ | ၁၁၉ |
| ၁၄၂ | ၅၊ ၁၂၊ ၆၀ | ဥဂ္ဂါသေနသူဌေးသား ဥပမာပြ လူ့သံယောဇဉ် အတွင်းမှ နိဗ္ဗာန်ရနိုင်ပုံ တရားတော် | | |
| ၁၄၃ | ၆၊ ၁၂၊ ၆၀ | သဒ္ဒါတရားဖြင့် ဩဃလွန်မြောက်ပုံ တရားတော် | ၃၃ | ၁၉၀ |
| ၁၄၄ | ၇၊ ၁၂၊ ၆၀ | သေမင်းတမန် သတ်နည်း တရားတော် | | |
| ၁၄၅ | ၈၊ ၁၂၊ ၆၀ | ကာလိကနှင့် အကာလိက တရားတော် | | |
| ၁၄၆ | ၉၊ ၁၂၊ ၆၀ | သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ သိရှိရန်ဟောသော တရားတော် | ၃၃ | ၂၇၅ |
| ၁၄၇ | ၁၀၊ ၁၂၊ ၆၀ | တဏှာမာနချုပ် ဒိဋ္ဌိဖြုတ်ရေးတရားတော်(စီ – ၉၀) | | |
| ၁၄၈ | ၁၁၊ ၁၂၊ ၆၀ | မင်္ဂလာတရား ပဏ္ဍိတာနဥ္စ သေဝနာ တရားတော် | ၃၃ | ၃၄၁ |
| ၁၄၉ | ၁၂၊ ၁၂၊ ၆၀ | ဘေးကြီး လေးဘေး တရားတော် | ၃၃ | ၃၈၂ |
| ၁၅၀ | ၁၃၊ ၁၂၊ ၆၀ | နီဝရဏ ပယ်နည်း အမှတ်(၁) တရားတော် | ၃၃ | ၃၇၈ |
| ၁၅၁ | ၁၄၊ ၁၂၊ ၆၀ | နီဝရဏ ပယ်နည်း အမှတ်(၂) တရားတော် | ၃၃ | ၄၁၇ |
| ၁၅၂ | ၁၅၊ ၁၂၊ ၆၀ | နီဝရဏ ပယ်နည်း အမှတ်(၃) တရားတော် | ၃၃ | ၄၅၇ |
| ၁၅၃ | ၁၆၊ ၁၂၊ ၆၀ | အိမ်တွင်း ပဋိစ္စသမုပ္ပါဒ် တရားတော် (စီ – ၉၀) | | |
| ၁၅၄ | ၁၇၊ ၁၂၊ ၆၀ | လောဘ ကာမစ္ဆန္ဒနီဝရဏ ရှိနေလျှင် အကြွေးတင်နေသော ပုဂ္ဂိုလ်နှင့်တူကြောင်း အဏဏသုတ် အား ဟောသော တရားတော် အမှတ်(၁) | | |

http://www.dhammadownload.com



| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၁၅၅ | ၁၈၊ ၁၂၊ ၆၀ | ဗျာပါဒနီဝရဏ တရားရှိနေလျှင် ရောဂါရသော ပုဂ္ဂိုလ်နှင့် တူကြောင်း အဖာတသတ်အား ဟောသော တရားတော်အမှတ် (၂) | | |
| ၁၅၆ | ၁၉၊ ၁၂၊ ၆၀ | ဥဒ္ဓစ္စ၊ ကုက္ကုစ္စ နီဝရဏတရားရှိနေလျှင် ကျွန်ဘဝသို့ ရောက်နေသော ပုဂ္ဂိုလ်နှင့်တူကြောင်း တရားတော် | | |
| ၁၅၇ | ၂၀၊ ၁၂၊ ၆၀ | အနှစ် ၂သောင်းတရားအားထုတ်သော ရဟန်းကြီး ဥပမာပြ ကုက္ကုစ္စအဖြစ် ကြောက်စရာကောင်းပုံနှင့် သေနည်းသင်သော တရားတော် | | |
| ၁၅၈ | ၂၁၊ ၁၂၊ ၆၀ | ပထမမဂ်ကိုတားသော အဝိဇ္ဇာ ဝိစိကိစ္ဆာ နီဝရဏ ဖြစ်ပေါ်လာခြင်း၏ လက်သယ်ရှာပုံ တရားတော် | | |
| ၁၅၉ | ၂၂၊ ၁၂၊ ၆၀ | ရှေ့ပိုင်း ပဋိစ္စသမုပ္ပါဒ်ရှင်းပုံ နှင့် ရှင်အနုရာဓအား ဒိဋ္ဌိ ဝိစိကိစ္ဆာ ခွာပေးပုံ တရားတော် | | |
| ၁၆၀ | ၂၃၊ ၁၂၊ ၆၀ | ရှင်ဆန္နဥပမာပြ ဒိဋ္ဌိခွာနည်းနှင့်အလုပ်စဉ်တရားတော် | | |
| ၁၆၁ | ၂၄၊ ၁၂၊ ၆၀ | ဒိဋ္ဌိ ဝိစိကိစ္ဆာ သတ်နည်းတရားတော် (စီ-၉၀) | | |
| ၁၆၂ | ၂၅၊ ၁၂၊ ၆၀ | သမုဒ္ဒရာ ၆-စင်း ဥပမာပြ တရားတော် | | |
| ၁၆၃ | ၂၇၊ ၁၂၊ ၆၀ | အာသဝ ဝင်ရိုး ချိုးရန် တရားတော် | | |
| ၁၆၄ | ၂၈၊ ၁၂၊ ၆၀ | မာဂဏ္ဍီ ပုဏ္ဏား အရိယာမျက်လုံးတပ်ခန်း တရားတော် | | |
| ၁၆၅ | ၂၉၊ ၁၂၊ ၆၀ | ရှင်နန္ဒက၊ ဘိက္ခုနီမ ၅၀၀-အား ဟောသော တရားတော် | | |
| ၁၆၆ | ၃၀၊ ၁၂၊ ၆၀ | ပါရာသိဝိယ တက္ကသိုလ်ဆရာကြီး အကြောင်းပြု တရားတော် | | |
| ၁၆၇ | ၃၁၊ ၁၂၊ ၆၀ | မင်္ဂလာကျောင်းတိုက် အလှူရေစက်ချတရား (စီ-၉၀) | | |
| ၁၆၈ | ၁၊ ၁၊ ၆၁ | ဝဋ်ကြွေးကို ခန္ဓာနှင့် မဆပ်ပါနှင့် ဉာဏ်နှင့်ဆပ်ပါ၊ မန်းစက်တော်ရာကို ခြေတော်ရာချဖို့ရန် တောင်းပန်သော ကိုယ်တော်ကြီး၏ ကျင့်စဉ်တရားတော် | | |

http://www.dhammadownload.com

## မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော အသံသွင်းကက်ဆက်တရားခွေများ

| စဉ် | | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၁၆၉ | ၅၊ ၁၊ ၆၁ | ရှင်ပုဏ္ဏနှင့် ရှင်သာရိပုတ္တရာတို့ အမေးအဖြေ ဝိသုဒ္ဓိ ၇-ပါး တရားတော် | | |
| ၁၇၀ | ၆၊ ၁၊ ၆၁ | ဝိသုဒ္ဓိ ၇-ပါး၊ ရထား ၇-စင်း ဥပမာပြ တရားတော် | | |
| ၁၇၁ | A ၉၊ ၁၊ ၆၁ | ပေါဋ္ဋိလ ရဟန်းကြီး အကြောင်းပြု အလုပ်ပေး တရားတော် | | |
| | B ၁၀၊ ၁၊ ၆၁ | ဦးတိဿ ရဟန်း အကြောင်းပြု တရားတော် | | |
| ၁၇၂ | ၁၇၊ ၁၊ ၆၁ | ရန်ကုန်မြို့မှ ဦးဘရင်အား ဟောသော စိတ္တာနုပဿနာ အလုပ်ပေး တရားတော် | | |
| ၁၇၃ | ၁၉၊ ၁၊ ၆၁ | ဆန္ဒရာဂပယ်ခြင်းသည် ဘုရား၏ ဝါဒတရားတော် | | |
| ၁၇၄ | ၃၀၊ ၁၊ ၆၁ | အသေပြင်နည်း နိသျှည်း သက္ကပဥ္စသုတ် အမှတ် (၁) တရားတော် | ၃ | ၁ |
| ၁၇၅ | ၃၁၊ ၁၊ ၆၁ | တဏှာ၊ မာန၊ ဒိဋ္ဌိမှ ဣဿာမစ္ဆရိယ အထိ သက္ကပဥ္စသုတ် အမှတ် (၂) တရားတော် | ၃ | ၄၅ |
| ၁၇၆ | ၁၊ ၂၊ ၆၁ | ဝေဒနာနုပဿနာ ရှုပွားနည်း သက္ကပဥ္စသုတ် အမှတ် (၃) တရားတော် | ၃ | ၉၂ |
| ၁၇၇ | ၂၊ ၂၊ ၆၁ | မြုပ်မျောခြင်းမှ ကင်းလွတ်ရန် ဖောင်ဖွဲ့ပုံ အလုပ်ပေး တရားတော် | ၃ | ၁၄၁ |
| ၁၇၈ | ၃၊ ၂၊ ၆၁ | ဝိပဿနာရှုရင်း နိဗ္ဗာန်ရောက်ပုံ ရှင်နာဂသိန် အဖြေ (ကာလ၏ စားဖတ် ဝါးဖတ်မှ လွတ်ကြောင်း တရားတော်) | ၃ | ၁၈၉ |
| ၁၇၉ | ၄၊ ၂၊ ၆၁ | မိမိခန္ဓာနေ့တိုင်း အစဉ်မပြတ် ဖြစ်ပျက်နေတာ ပဋိစ္စသမုပ္ပါဒ် တရားတော် (အလုပ်ပေး) | ၃ | ၂၃၆ |
| ၁၈၀ | ၅၊ ၂၊ ၆၁ | ခန္ဓာငါးပါးသင်္ခတမှ အသင်္ခတသို့ ကူးပုံတရားတော် | ၃ | ၂၈၃ |
| ၁၈၁ | ၆၊ ၂၊ ၆၁ | ခန္ဓာစဉ်ပြတ် နိဗ္ဗာန်ရောက်ကြောင်း တရားတော် (ဝစ္ဆပုဏ္ဏားနှင့် ဘုရား အမေး အဖြေ) | ၃ | ၃၂၉ |
| ၁၈၂ | ၇၊ ၂၊ ၆၁ | အရှိနှင့်အသိ စိတ္တာနုပဿနာရှုပွားနည်းတရားတော် | ၃ | ၃၇၄ |

http://www.dhammadownload.com



| စဉ် | ဟောရက်စွဲ | တရားတော်အမည် | စာအုပ်မှတ်စဉ် | မျက်နှာ |
|---|---|---|---|---|
| ၁၈၃ | ၈၊ ၂၊ ၆၁ | စိတ္တာနုပဿနာ အလုပ်ပေးတရားတော် | ၃ | ၄၂၇ |
| ၁၈၄ | ၉၊ ၂၊ ၆၁ | ခန္ဓပဋိစ္စသမုပ္ပါဒ် ခန္ဓာအစဉ်သိ ဒိဋ္ဌိပြုတ်ရေး အနုရာဓရဟန်းအကြောင်းပြုတရားတော်အမှတ်(၁) | | |
| ၁၈၅ | ၁၀၊ ၂၊ ၆၁ | ရှင်အနုရာဓရဟန်းအကြောင်းပြုတရားတော်အမှတ်(၂) | | |
| ၁၈၆ | ၁၁၊ ၂၊ ၆၁ | ရှင်အနုရာဓရဟန်းအကြောင်းပြုတရားတော်အမှတ်(၃) | ၃ | ၄၇၉ |
| ၁၈၇ | ၁၂၊ ၂၊ ၆၁ | ရှင်အနုရာဓရဟန်းအကြောင်းပြု ပဋိစ္စသမုပ္ပါဒ် တရားတော် အမှတ်(၄) | | |
| ၁၈၈ | ၁၃၊ ၂၊ ၆၁ | ဖွားဘက်တော် ရှင်ဆန္န အကြောင်းပြု မဂ်ဉာဏ် ဖိုလ်ဉာဏ် တရားတော် အမှတ်(၁) | ၄ | ၁ |
| ၁၈၉ | ၁၄၊ ၂၊ ၆၁ | ရှင်ဆန္နအကြောင်းပြုသဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိပြုတ် တရားတော်အမှတ်(၂) | ၃ | ၅၂၇ |
| ၁၉၀ | ၁၅၊ ၂၊ ၆၁ | ရှင်ဆန္နဝတ္ထု အကြောင်းပြု ခန္ဓပဋိစ္စသမုပ္ပါဒ် တရားတော် အမှတ်(၃) | ၄ | ၉၇ |
| ၁၉၁ | ၁၆၊ ၂၊ ၆၁ | ဖြစ်ပျက်ရှု၍ မဂ်ပေါ်သော ပုဂ္ဂိုလ်သည် အာသဝေါ တရားလေးပါးကုန်ကြောင်း တရားတော် (ဇိဝှါ ဝိညာဉ်) | ၄ | ၁၅၁ |
